CBCM

# Catholic Bishops' Conference of Myanmar

292(A), Pyay Road, Sanchaung, Yangon

ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်

လူထုဆက်သွယ်ရေးရုံး



# CBCM Herald

အတွဲ(၁)၊ အမှတ်(၇)

(၁၅)ရက်၊ မတ် လ၊ ၂၀၁၆ ခုနှစ်

cbcmosc@gmail.com

၀၉၅ ၁ ၅၂၅၈၀၈



မာသာရ်ထရေးဇာအား ရဟန္တာတင်မြောက်ရန်.. စာ(၂)



ယီမင်နိုင်ငံ၌ မာသာရ်ထရေးဇာ၏သီလရှင်(၄)ပါး....စာ (၂)



ဂိုညာဉ်ရေးခရီးစဉ် ဥပုသ် စောင့်ခြင်း.. စာ(၃)



ယုံကြည်ခြင်းသွေးမျိုးစေ့၏.. စာ(၈)

ကန့်သတ် ထုတ်ဝေသည်။

ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာ လူထုဆက်သွယ်ရေးရုံး

ကမ္ဘာအရပ်ရပ်သို့သွားကြ၍ဧဝံဂေလိတရားတော်ကိုဟောပြောကြလော့။

(မာကု ၁၆း၁၅)

CBCM-Herald



## မာသာရ်ထရေးဇာအား ရဟန္တာတင်မြှောက်ရန် ကြေငြာမည်

ရဟန်းမင်းကြီးဖရန်စစ်သည် မိမိ၏ရုံးတော်မှလုပ်ဖော်ဆောင်ဖက်များနှင့်အစည်းအဝေးပြုလုပ်ကာ အမျိုးသမီး၊ အမျိုးသား အပါအဝင် (၅)ပါးကို ကက်သလစ်သာသနာတော်၏ရဟန္တာအဖြစ် တင်မြှောက်ကြောင်းကြေငြာရန် ရှိပါသည်။ ထို(၅)ပါးတွင်ကာလကတ္တား မှ မာသာရ်ထရေးဇာ လည်းပါဝင်ကြောင်း၊ မတ်လ (၈)ရက်နေ့ တွင်၊ ဗာတီကန်မှထုတ်ပြန်ကြေငြာခဲ့ပါသည်။

ထို့အတူမတ်လ(၁၅)ရက်နေ့တွင် ကျင်းပမည့် အစည်းအဝေး၌ အာဂျင်တီးနားနိုင်ငံသား 'န္တားကျောင်းသားဘုန်းတော်ကြီး'၊ Blessed Jose Gabriel del Rosario Brochero၊ Blessed Jose Sanchez del Rio နှင့် (၁၄)နှစ်သား မက္ကဆီကိုလူမျိုး ကောင်လေးတစ်ယောက်တို့အား၊ ရဟန္တာတင်မြှောက်နိုင်ရန်၊ အတည်ပြုဆုံးဖြတ်မည်ဖြစ်ပါသည်။ ဤကောင်လေးသည် (၁၉၂၈)ခုနှစ်၊ Cristero စစ်ပွဲကာလ၌ အသက်ငယ်သေး သော်လည်း သူ၏ခရစ်ယာန်ယုံကြည်ခြင်းကိုစွန့်ရန် ခြိမ်းခြောက်ခံရသော်လည်း မစွန့်သောကြောင့်ကွပ်မျက်ခံခဲ့ရသူလေးဖြစ်ပါသည်။

ထိုအစည်းအဝေးတွင် တာဝန်ရှိရဟန်းအမတ်များနှင့် ရဟန္တာတင်မြှောက်နိုင်ရေးအတွက် လုပ်ဆောင်နေသောအဖွဲ့မှ၊ ရဟန္တာ တင်မြှောက်နိုင်ရန်၊ လိုအပ်သောစုံစမ်းစီစစ်ချက်များကို လက်စသတ်ပြီးဖြစ်ပါသည်။ ထိုအဖွဲ့ကို 'အများနှင့်ဆိုင်သောသာမန်အဖွဲ့အစည်း' (ordinary public consistory) ဟုခေါ်ပါသည်။ လုပ်ထုံးလုပ်နည်းအရ၊ ရဟန္တာတင်မြှောက်မည့်နေ့ကို၊ အစည်းအဝေးအတောအတွင်း၌သာ ကြေငြာမည် ဖြစ်သော်လည်း၊ မာသာရ်ထရေးဇာအားရဟန္တာတင်မြှောက်မည့်နေ့ရက်မှာ၊ စက်တင်ဘာလ(၄)ရက်နေ့ ဖြစ်နိုင်ချေ များပါသည်။ ထိုနေ့၌ အလုပ် သမားများ၊ ပရဟိတလုပ်ငန်းများ၌ ပါဝင်လုပ်အားပေးနေကြသူများ၏ ဂျူဘီလီနေ့လည်းဖြစ်ပါသည်။ ထိုနေ့သည် သူ၏ပျံလွန်ခဲ့ခြင်း (၁၉)နှစ်ပြည့်နေ့ နှင့်တိုက်ဆိုင်ပါသည်။ မာသာရ်ထရေးဇာသည်(၁၉၉၇) စက်တင်ဘာလ (၅)ရက်နေ့ ၌ပျံလွန် သွားခဲ့ပါသည်။

လွန်ခဲ့သောဒီဇင်ဘာလ၌၊ ရဟန်းမင်းကြီးဖရန်စစ်သည်၊ မာသာရ်ထရေးဇာ၏ ကြားဝင်ဆုတောင်းပေးမှုဖြင့်၊ ခံစားရရှိခဲ့သော တန်ခိုးအံ့ဖွယ်ရာအဖြစ်အပျက်ကို အတည်ပြုပေးခဲ့ပါသည်။ ထိုအံ့ဖွယ်ရာခံစားခဲ့ရသူမှာ အသက်(၄၂) ရှိပြီဖြစ်သော ဘရာဇီးလ်လူမျိုး စက်မှုအင်ဂျင်နီယာ ဆန်တော့(စ်)ဖြစ်ပါသည်။ သူသည်ဦးနှောက်နှင့်ဆိုင်သော ရောဂါကိုကုသနေရာမှ ပိုးကူးစက်သွားကာ ဦးနှောက်တစ်လျှောက် အဖုအကြိတ်များ ထွက်လျှက် သတိမေ့မျောနေခဲ့ရာမှ ပြန်လည်ကောင်းမွန်လာခဲ့ပါသည်။ ထို့အတူရဟန်းမင်းကြီးသည် ပိုလန်နိုင်ငံသားဖြစ်သော Blessed စတန်နီလော့(စ်) Papczynski အားလည်း ရဟန္တာအဖြစ်ကြေငြာ မည်ဖြစ်သည်။ သူသည်အမိမယ်တော်၏ အပြစ်မဲ့သန္ဓေယူတော်မူသော ရဟန်းအသင်းကို တည်ထောင်ခဲ့သူဖြစ်ပါသည်။ ထို့အတူဆွီဒင် အမျိုးသမီးဖြစ်ပြီး လူသာရင် ခရစ်ယာန်တစ်ဦးအဖြစ်မှ ကက်သလစ်သာသနာသို့ ပြောင်းလဲယုံကြည်လာခဲ့သော Blessed Mary Elizabeth Hesselbladအားလည်း ရဟန္တာတင်မြှောက်မည်ဖြစ်ပါသည်။ သူသည်စိန်ဘရစ်ဂျစ် သီလရှင်အသင်းကို ဆွီဒင်နိုင်ငံတွင် ပြန့်ပွားအောင် လုပ်ဆောင်ခဲ့သူလည်းဖြစ်ပါသည်။ VATICAN, March 8, 2016

## ယီမင်နိုင်ငံ၌ မာသာရ်ထရေးဇာ၏သီလရှင် (၄) ပါးနှင့် လူ(၅) ဦးအသတ်ခံရ

ယီမင်နိုင်ငံတွင် ထိတ်လန့်ဖွယ်ရာ သတင်းတစ်ခုဖြစ်ပွားခဲ့ပါသည်။ ၅၊၃၊၂၀၁၆ နေ့နံနက် (၈း၃၀) အချိန်၊ အီစ္စလာမ်အစွန်းရောက် အကြမ်းဖက်အဖွဲ့ (Al-Qaeda/IS) သည် Aden ၌ ဖွင့်လှစ်ထားသော မာသာရ်ထရေးဇာ၏ သီလရှင်ကျောင်းသို့ ဝင်ရောက်၍၊ လူ (၅) ဦးနှင့် မာသာရ်ထရေးဇာသီလရှင် (၄) ပါးတို့အား သတ်ဖြတ်ခဲ့ပါသည်။

ထို့အတူ ထိုဒေသ၌ ဘုရားအမှုတော်ထမ်းဆောင်နေသော ဆလေးရှင်းဖာသာရ်တိုနီ Uzhunnanil (SDB) သည် ထိုအခင်းဖြစ်စဉ် ၌ Aden ၌ရှိနေခဲ့သော်လည်း ယခုလောလောဆယ်၌ အဘယ်သို့ရောက်ရှိနေသည်ကို မသိရသော်လည်း၊ အဆိုပါ အဖွဲ့ကသူ့အား ဖမ်းဆီးသွားသည်ဟု ထင်မှတ်ရကြောင်း၊ သို့သော် အတည်ပြုရန်လိုအပ်ကြောင်း၊ Hodeidah ၌အမှုတော်ထမ်းနေသော ဆလေးရှင်းဖာသာရ် M.K.George ထံမှ ဖုန်းအဆက်အသွယ်လည်း ရရှိထားကြောင်း၊ ထို့အတူအခြားခိုင်လုံသောသတင်းများမှလည်း၊ အချိန်နှင့်တပြေးညီ ထုတ်ပြန် အသိပေးသွားမည်ဖြစ်ကြောင်း၊ ယခုအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့သောဒေသသည်၊ ဆလေးရှင်း ဘုန်းတော်ကြီးများ နှင့်မာသာရ်ထရေးဇာ၏ သီလရှင်များ အမှုတော်ထမ်းဆောင်လျှက်ရှိသော ဒေသတစ်ခုဖြစ်ပါသည်။

ဘုန်းတော်ကြီးများနှင့်သီလရှင်များသည် အိန္ဒိယမှဖြစ်ပြီး ယခုကဲ့သို့အဖြစ်ဆိုးနှင့်ကြုံကြိုက်ခဲ့ရသော သတ်ဖြတ်ခံရသူ(၉) ဦးအတွက်နှင့် အခြေအနေ အမြန်ပြန်လည်တည်ငြိမ်လုံခြုံမှုရရှိစေရန်၊ ကိုယ်တော်မြတ်စက္ကမင်တူးရှေ့တွင်၊ နာရီဝက်ခန့် ကိုယ်တော်မြတ် ဖူးမျှော်၍ပူဇော်ဆုတောင်းပေးကြပါရန် အိန္ဒိယနိုင်ငံ ဘန်ဂလိုပြည်နယ်၌ ကြေငြာချက်ထုတ်ပြန်ထားကြောင်းသတင်း ရရှိပါသည်။

မှတ်ချက်။ ။Syro Malabar Marthoma Nasrani ၏ account မှကူးယူပြန်ဆိုဖော်ပြ ခြင်းဖြစ်ပါသည်။





# နိုင်ငံရေးသမားများ မိမိတို့၏လူမှုရေးတာဝန်ကို မေ့မထားရန် ပုပ်ရဟန်းမင်းကြီးသတိပေး

ရဟန်းမင်းကြီးဖရန်စစ်သည် စိန်ပီတာရင်ပြင်၌ စုရုံးရောက်ရှိနေသော ကမ္ဘာတစ်ပှမ်းလုံးမှဘုရားဖူးများအား ယခုနှစ် (၂၀၁၆)၏ အမိက ထောက်ရှုစဉ်းစားပြီး ကျင့်ကြံရမည့် သမ္မာကျမ်းစာတော်မြတ်ထဲမှ သနားခြင်းအကြောင်းကို သူ၏တစ်နှစ်တာ မိန့်မြွက်ခဲ့သော ဩဝါဒများ၌ ထည့်သွင်း ဟောကြားခဲ့ပါသည်။

တိုင်းရေးပြည်ရေးများ၌ ရာထူးရာခံမြင့်မားစွာရယူထားကြသော နိုင်ငံ့ဂန်ထမ်းများအနေဖြင့် ၄င်းတို့ရယူထားသော လုပ်ပိုင်ခွင့်အာဏာများကို ထိရောက်စွာအသုံးမပြုပါက ၄င်းတို့အားဖျက်ဆီးနေခြင်း၊ အကျင့်ပျက်ခြစားနေခြင်း၊ သေတွင်းတူးနေခြင်းဖြစ်ကြောင်း၊ ဓမ္မဟောင်းကျမ်းလာ အဖြစ်အပျက် ဖြစ်သည့် 'အီစ္စရေးဘုရင် အာဟပ်နှင့်နာဘို့' တို့အကြောင်းနှင့် ဓမ္မသစ်ကျမ်းလာ၊ ယေရှုးသခင်၏ တရားဖြစ်သော 'မိမိ၏ကြီးမြတ်ခြင်းကို အာဏာ၊ ဉစ္စာ၌ မဟုတ်။ တစ်ဦး၏ အလိုကိုတစ်ဦးက အစေခံခြင်း၌ပြသရန်' မြွက်ကြားခဲ့ပါသည်။ ထို့အတူအာဏာပိုင်များအားလည်း အကျင့်ပြောင်းလဲရန်အတွက် ဘုရားသခင်သည် အခြေအနေဖန်တီး ဖိတ်ခေါ် လျှက်ရှိကြောင်းဖြင့် ကမ္ဘာတစ်ပှမ်းမှ ဘုရားဖူးဘာသာတူများအား သူ၏ဗုဒ္ဓဟူးနေ့တိုင်း ပုံမှန်တွေ့ဆုံသည့်အစီအစဉ်တွင် တရားမြွက်ကြားခဲ့ပါသည်။ (ကိုပိုက်)

# မတ်လ အတွက် ရဟန်းမင်းကြီး၏ဆုတောင်းရန်ရည်ရွယ်ချက်

## ကမ္ဘာတစ်ပှမ်းလုံးနှင့်ဆိုင်သောဆုတောင်းခြင်း၏ရည်ရွယ်ချက်

**ချို့တဲ့နေသောမိသားစုများ၊ အခြေခံလိုအပ်ချက်များကို ရရှိနိုင်ရန်နှင့် ၄င်းတို့၏ရင်သွေးငယ်များသည်လည်း ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ဏပိုင်း ကျန်းမာသန်စွမ်းကာ ငြိမ်းချမ်းသောပတ်ဂန်းကျင်၌ ကြီးထွားဖွံ့ ဖြိုးလာနိုင်စေရန်။**

## သာသနာအတွက်ဆုတောင်းပေးရန်ရည်ရွယ်ချက်

**မိမိတို့၏ယုံကြည်ခြင်းကြောင့် လူ့အခွင့်အရေးချိုးဖောက်ခြင်းခံရမှု (သို့) ညှဉ်းပမ်းနှိပ်စက်ခြင်းခံနေရသောခရစ်ယာန်များသည်ပြင်းထန်ခက်ခဲလှသည့်စိန်ခေါ်မှုများနှင့်ကြုံတွေ့ရသော်လည်း ဧဝံဂေလိတရားတော်အပေါ် ထားရှိသော၄င်းတို့၏ယုံကြည်ခြင်းသည်မလျော့ မပေါ့သွားစေရန်နှင့် ၄င်းတို့အတွက်အဆက်မပြတ်ဆုတောင်းပူဇော်ပေးနေသောသာသနာတော်အားလည်းကျေးဇူးတင်ရှိရန်။**

# ပုပ်ရဟန်းမင်းကြီးနှင့် ပုပ်ရဟန်းမင်းကြီးရုံးတော် အမှုဆောင်များ ဂိညာဉ်ရေးခရီးစဉ် ဥပုသ်စောင့်ခြင်း

ပုပ်ရဟန်းမင်းကြီးနှင့် ၄င်းအားအနီးကပ် အကူအညီပေးသူ အမှုတော်ဆောင်များတို့ ၏ ဂိညာဉ်ရေးခရီးစဉ် ဥပုသ်သတင်းတစ်ပတ်ကို တနင်္ဂနွေနေ့ က စတင်ခဲ့ပြီဖြစ်ရာ ဗာတီကန်နှင့် (၂၅)မိုင်ခန့် ကွာဝေးသော ဂိညာဉ်ရေးစင်တာ တစ်ခုဖြစ်သည့် "Casa del Divin Maestro" တွင်ရောက်ရှိနေခဲ့ကြပါသည်။

ဥပုသ်သတင်းတစ်ပတ်အတွက် နေ့ စဉ် အချိန်ဇယားမှာ နံနက်(၇း၃၀)တွင် နံနက်ခင်းပရိတ်မေတ္တာတော် ရွတ်ဆိုဆုတောင်းခြင်း၊ (၈း၀၀)တွင် နံနက်စာ ဘုန်းပေးသုံးဆောင်ခြင်း၊ နံနက်(၉း၃၀)တွင် ကမ္မဌာန်းထောက်ရှုခြင်း၊ နံနက်(၁၁း၃၀)တွင် မစ္ဆားတရားတော်မြတ်ပူဇော်ကျင်းပခြင်း၊ မွန်းလွဲ (၁၂း၃၀) တွင် နေ့လည်စာ ဘုန်းပေးသုံးဆောင်ခြင်း၊ ညနေ(၄း၀၀)တွင် ကမ္မဌာန်းထောက်ရှုခြင်း၊ ည(၆း၀၀) တွင် တစ်နာရီကိုယ်တော်မြတ်ဖူးမျှော်ကိုးကွယ်ခြင်း၊ ည(၆း၄၅)တွင် ညနေပိုင်း ပရိတ်မေတ္တာတော် ရွတ်ဆိုဆုတောင်းခြင်းနှင့် ည(၇း၃၀)တွင် ညစာဘုန်းပေးသုံးဆောင်ခြင်းအစီအစဉ်တို့ဖြင့် နေ့စဉ်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အီတလီဘုန်းတော်ကြီးတစ်ပါးဖြစ်ပြီး ဂိညာဉ်ရေး စာအုပ်များရေးသားသူလည်းဖြစ်သည့် Fr.Ermes Ronchi က အထက်ပါ သတင်းပတ်ဥပုသ်တော်ကို ဦးဆောင်ဟောကြား ပေးသွားမည်ဖြစ် သည်။

ဗာတီကန်ရုံးတော်မှ တာဂန်ရှိအကြီးအကဲများနှင့် ဧည့်သည်တော်ကာဒီနယ်ရဟန်းအမတ်များတို့ဖြင့် စုစုပေါင်း အပါး(၅၀)သာလျှင် အရှင်သူမြတ်ပုပ်ဖရန်စစ်နှင့်အတူ အထက်ပါ ဥပုသ်သတင်းပတ်တွင် ပါဂင်တရားယူနေကြကာ ၄င်းတို့သည် လာမည့်သောကြာနေ့ တွင် ရောမမြို့တော်သို့ ပြန်လည် ကြွမြန်းကြမည်ဖြစ်ပါကြောင်း Rome Report သတင်းအရသိရှိရပါသည်။





## ပုပ်ရဟန်းမင်းကြီးနှင့် အာဂျင်တီးနား သမ္မတို့တွေ့ဆုံ



ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အာဂျင်တီးနားနိုင်ငံ၏ သမ္မတ Mauricio Macri နှင့် ဇနီးသည်တို့၏ အခစားဝင်ရောက် ဂါရဝပြုတော်မူခြင်းကို ၂၀၁၆ ဖေဖော်ဝါရီ လ(၂၇)ရက် စနေနေ့ နံနက်ပိုင်းတွင် လက်ခံတွေ့ဆုံတော်မူခဲ့သည်။ အာဂျင်တီးနား သမ္မတမှ အလယ်တွင်အပေါက်ပါသော ခေါင်းစွပ်ဝတ်ရုံ ဖြစ်သည့် ပွန်ချို၊ အာဂျင်တီးနား ရိုးရာတေးသီချင်း ဖြစ်သော တန်ဂိုတေး အမျိုးအစား စီဒီသီချင်း ဓါတ်ပြားနှင့်အတူ လက်တင်အမေရိက၏ ဇဝံဂလိ အမှတ်လက္ခဏာဖြစ်သည့် သစ်သားလုပ် မာတာရာ လက်ဝါးကားတိုင်တော်ကို အရှင်သူမြတ်အား အမှတ်တရလက် ဆောင် အဖြစ် ပူဇော်ဆက်သတော်မူခဲ့သည်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်မှလည်း သံလွင်ပင်ပုံပါသည့် ငြိမ်းချမ်းရေး၏ တံဆိပ်တော်ကို အာဂျင်းတီးနားသမ္မတအား ပြန်လည် ချီးမြှင့်တော်မူခဲ့သည်။

အဆိုပါတွေ့ဆုံမှုတွင်သီးခြားခွဲထုတ်မရသော ဖွံ့ဖြိုးတိုးတက်ခြင်း၊ လူ့အခွင့်အရေးအား အလေးထားဂရုပြုခြင်း၊ ဆင်းရဲချွတ်ခြုံကျမှုနှင့် မူးယစ်ရောင်းဝယ် ဖောက်ကားမှုတို့ကို တိုက်ဖျက်ခြင်း၊ တရားမျှတခြင်း၊ ငြိမ်းချမ်းရေးနှင့် လူမှုဆက်ဆံရေး အား ရင်ကြားစေ့ခြင်း စသောခေါင်းစဥ်များနှင့် ဆွေးနွေးခဲ့ကြသည်ဟု ဗာတီကန် ရေဒီယိုမှ ထုတ်ပြန်ခဲ့သည်။ (ဇော်အောင်)



## ပုပ်ရဟန်းမင်းကြီးဖရန်စစ်မှ အင်စတီဂရမ် (ဓါတ်ပုံ ဝေမျှခြင်း လူမှုကွန်ယက်) စာမျက်နှာအား တည်ထောင်သူ Kevin Systrom အားလက်ခံတွေ့ဆုံ

ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် အင်စတီဂရမ် (ဓါတ်ပုံ ဝေမျှခြင်း လူမှုကွန်ယက်) စာမျက်နှာအား တည်ထောင်သူဖြစ်သော Kevin Systrom အား ၂၀၁၆ ဖေဖော်ဝါရီလ (၂၆) ရက်သောကြာနေ့တွင် လက်ခံတွေ့ဆုံတော်မူခဲ့သည်။

အဆိုပါတွေ့ဆုံမှုနောက်တွင် Kevin Systromသည် သူ၏ အင်စတီဂရမ် စာမျက်နှာပေါ်တွင် ပုပ်ရဟန်းမင်းကြီးနှင့် တွေ့ဆုံနေသည့် ပုံရိပ်တော်ကို တင်ထားလျက် "ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား တွေ့ဆုံဂါရဝပြုရခြင်းအတွက် မိမိအနေနှင့် ဂုဏ်ယူဖွယ်ရာ နေ့တစ်နေ့အဖြစ် ပိုင်ဆိုင်ရ၍ ကွဲပြားခြားနားလျက်ရှိနေသော ယဥ်ကျေးမှုများနှင့် ဘာသာစကားများ အသီးသီး၌ စည်းလုံးညီညွတ်မှုရှိစေမည့် ပုံရိပ်များ၏ စွမ်းအားအကြောင်းကို ပြောဆိုခဲ့ကြပြီး မိမိဘဝ၏ မေ့မရနိုင်သောထူးခြားသော အတွေ့အကြုံဖြစ်ရပ်ကောင်းများ ထဲကတစ်ခုအပါအဝင်ဖြစ်သည်"ဟု ဗာတီကန်ရေဒီယိုမှသိရှိရပါသည်။(ဇော်အောင်)

## ရဟန်းမင်းကြီးဖရန်စစ်ကိုယ်တိုင် အာပတ်ဖြေနားထောင်ပေး

သောကြာနေ့ (၄၊၃၊၂၀၁၆) ၌ ရဟန်းမင်းကြီး ဖရန်စစ် ကိုယ်တိုင် ဘာသာတူများ၏အပြစ်ဖြေခြင်းကို စိန်ပီတာဘုရားကျောင်းတော်ကြီးတွင် ညနေပိုင်း (၅း၀၀) နာရီအချိန်၌ အာပတ်ဖြေခြင်းကို နားထောင်ခဲ့ပါသည်။ ရဟန်းမင်းကြီးသည် ယခုကဲ့သို့ပြုလုပ်ခြင်းမှာ (၂၄) နာရီကြာ ဆပ်ဖြေကျေအေးခြင်း အစီအစဥ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ဤအစီအစဥ်ကို အီတလီနိုင်ငံ၌ စတင်ခဲ့ခြင်း ဖြစ်ပြီး နှစ်စဥ်ဝါတွင်းကာလ၏ သောကြာနေ့ တစ်နေ့နေ့၌ ယခုကဲ့သို့ အစဥ်အလာတစ်ခုအဖြစ် ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

ရဟန်းအမတ်များ၊ ဆရာတော်ကြီးများ၊ ရဟန်းတော်များနှင့် သစ္စာသုံးပါးခံရဟန်းသူတော်စင်များ အားလုံးသည်လည်း ထိုအစီအစဥ်သို့ကြွရောက်ပါဝင်ခဲ့ကြောင်း၊ ရဟန်းမင်းကြီးဖရန်စစ်သည် ထိုအခမ်းအနားအား တိုတောင်းလှသောသူ၏ ရဟန်းမင်းကြီး သက်တမ်း၌ အကြိမ်များစွာဦးဆောင်ခဲ့ပြီးဖြစ်ကြောင်း ထိုအကြိမ်များအနက် လွန်ခဲ့သော မတ်လ(၂၈)ရက်နေ့ (၂၀၁၄)ခုနှစ် တွင် သူကိုယ်တိုင်လည်း လူထုပရိသတ်ရှေ့တွင်အာပတ်ဖြေဆိုခဲ့ပါကြောင်းသတင်းရရှိပါသည်။





## ကာဒီနယ်ရဟန်းအမတ်ချားလ်စ်ဘို အား အမေရိကန်သံအမတ်ကြီးမစ်ချဲလ်လာရောက်တွေ့ဆုံ



အမေရိကန်သံအမတ်ကြီးမစ်ချဲလ်သည် ကာဒီနယ် ရဟန်းအမတ်ချားလ်စ်ဘို နှင့် ရန်ကုန်မြို့တွင် တွေ့ဆုံခဲ့ပါ သည်။

ရဟန်းအမတ် ချားလ်စ်ဘိုသည် ကြောက်ရွံ့ ခြင်းအစား မျှော်လင့်ခြင်း၊ အကြမ်းဖက်ခြင်းအစား ငြိမ်းချမ်းခြင်း၊ အမုန်းတရားအစား မေတ္တာကရုဏာတရားထားခြင်းဟူသည့် စံတန်ဖိုးတို့ကို ဖော်ညွှန်းသော မြန်မာနိုင်ငံအတွက် အနာဂတ်အမြင်ကို နှစ်ပေါင်းများစွာဟောကြားလာခဲ့ပါသည်။

ဤသည်မှာ မြန်မာနိုင်ငံနှင့်ပတ်သက်၍ တစ်မူထူးခြားမှုကို ကိုယ်စားပြုနေသောအမြော်အမြင်တစ်ခု ဖြစ်ပြီး မိမိတို့အနေဖြင့် ကူညီအားပေးရကျိုးလည်းနပ်ပါသည်။ ရဟန်းအမတ်ချားလ်စ်ဘို၏ စူးစိုက်မြုပ်နှံ လုပ်ဆောင်မှု၊ ခေါင်းဆောင်မှုအရည်အသွေးနှင့် ဖော်ရွေရင်းနှီးမှုတို့အတွက် သံအမတ်ကြီးမစ်ချဲလ်က ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

ကာဒီနယ်ကြီးမှ"မြန်မာနိုင်ငံဟာတိုင်းရင်းသားပေါင်းစုံ၊ ဘာသာပေါင်းစုံတဲ့လူ့အဖွဲ့အစည်းကြီး တစ်ခု ဖြစ်ပြီး တိုင်းရင်းသားတွေ၊ ဘာသာတွေလည်း မတူမျိုးကွဲ စုံလင်လှပါတယ်။ ဒီမတူမျိုးကွဲစုံလင်မှု ကိုကဂုဏ်ယူစရာ ဖြစ်ပါတယ်။ မုန်တိုင်းပြီးသွားတဲ့အခါမှာနေရောင်ခြည်ပေါ်လာမယ် အဲဒီအခါကျရင် တော့ အရောင်အသွေးစုံလင်လှတဲ့ ကျွန်တော်တို့ တိုင်းပြည်ကြီးကိုမြင်တွေ့ရမှာဖြစ်ပါတယ်" ဟုမိန့် ကြားခဲ့ပါသည်။

Credit to **Luksing Kyang Zong** FB

## ဘာအံ့သာသနာသို့ကြွလာသောကာဒီနယ် ချားလ်(စ်)မောင်ဘို

ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်(စ်)ဘို နှင့် မြစ်ကြီးနားဆရာတော်ဖရန်စစ်ဒေါ့တန် တို့သည် အမှတ်(၄) ရပ်ကွက်၊ ဘားအံ့မြို့၊ ကရင်ပြည်နယ် စိန့်ဖရန်စစ်ဇေးဗီးယားကက်သလစ်ကက်သီဒြယ်ဘုရားကျောင်းသို့ ဖေဖော်ဝါရီလ (၂၂ နှင့် ၂၃)ရက် ၂၀၁၆ နေ့တွင်တွေ့ဆုံခဲ့ပါသည်။ ဘားအံ့ကက်သလစ်ဂိုဏ်းအုပ်ဆရာတော် ဂျက်စတင်းစောမင်းသိုက်နှင့်ရဟန်းတော်များ၊ ဘာသာသူများ၊ ကျောင်းသူ၊ ကျောင်းသားများက ဆရာတော်ကြီးများကို နွေးထွေးစွာကြိုဆိုခဲ့ကြပါသည်။

ကာဒီနယ်ချားလ်(စ်)ဘိုက "ဒီဘားအံ့သာသနာတော်ကြီးသို့ ကြွလာရတဲ့အကြောင်း(၂)ခုရှိပါတယ်။ ပထမတစ်ခုက ဘားအံ့သာသနာတော်ကြီးကို ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် တည်ဆောက်ခွင့်ရခဲ့ပါတယ်။ ဒီအတွက်ဘုရားသခင်ကိုကျေးဇူးတင်ချီးမွမ်းချင်လို့ပါ။ မနက်ဖြန်ဇွဲကပင်တောင်ပေါ်တက်ပြီး ဘုရားသခင်ကိုကျေးဇူးတင်မယ်။ ဒုတိယအချက်က ဘားအံ့သာသနာမှာနေထိုင်ကြတဲ့ ဘာသာသူသားသမီးတွေ၊ သာသနာတော် ကိုဦးဆောင်နေတဲ့ ဆရာတော်ဂျက်စတင်း၊ ဘုန်းတော်ကြီးများ၊ ဘရာသာရ်များ၊ စစ္စတာရ်များနှင့် သားသမီးအားလုံးအတွက် ဆုတောင်းပေးပါ့မယ်။ ဆရာတော်က ဒီတစ်ခါဆိုရင် ဇွဲကပင်တောင်ပေါ်တက်တာ ကိုးကြိမ် တိုင်ရှိသွားပါပြီ " ဟု မိန့်ကြား ခဲ့ပါသည်။

ဧည့်သည်ဆရာတော်ကြီးများနှင့်အတူ သာသနာ့ဂေါပက ဥက္ကဌ၊ ကျောင်းသူ၊ ကျောင်းသားများသည် ၂၃၊၂၊၂၀၁၆နေ့ နံနက် (၇)နာရီတွင် ဇွဲကပင်တောင်ပေါ်သို့ ပျော်ပျော်ပါးပါး တက်ရောက်ခဲ့ကြကာနံနက်(၉) နာရီတိတိအချိန်တွင် ဇွဲကပင်တောင်ထိပ်သို့ ရောက်ရှိခဲ့ပါသည်။ထိုတောင်ပေါ်တွင်ဆရာတော်ကြီးများဦးဆောင်၍ ဘားအံ့သာသနာ၏ဆရာတော်၊ ရဟန်းတော် များ၊ ဘရာသာရ်၊ စစ္စတာရ်များ၊ ဓမ္မဆရာ၊ ဆရာမများ ၊ဘာသာတူ များအတွက် အတူတကွ ဆုတောင်းမေတ္တာပို့သပေးခဲ့ကြပါသည်။

တောင်ပေါ်တက်ရာတွင်လိုက်ပါခဲ့သူလူထုဆက်သွယ်ရေးနှင့်လူငယ်တာဝန်ခံ ဘုန်းတော်ကြီး စောနေကော်ထူးမှလည်း အရင်အခေါက်တွေတုန်းက ဆရာတော်ကြီး ဇွဲကပင်တောင်ပေါ်တက်ရင်သုံးနာရီလောက်ကြာပေမယ့် ဒီတစ်ခါမှာတော့ နှစ်နာရီပဲကြာတယ်။ အသက်အရွယ်ရလာပေမယ့် နုပျို တက်ကြွလန်းဆန်းနေတဲ့ ဆရာတော်ကြီးပါ။ တောင်ပေါ်တက်တဲ့အခါ ရေလုံးဝမသောက်ပါဘူး၊ အတက်မှာတစ်ခါထိုင်တယ် ပြီးတော့ ပြန်ဆင်းတဲ့အခါမှာတစ်ခါထိုင်တယ်။ "မောတယ်" ဆိုတဲ့စကားသံ လေးတစ်ခွန်းတောင် မပြောခဲ့ပါဘူး။ ပြီးတော့တောင်ပေါ် တက်တဲ့ အခါလမ်းမှာတွေ့တဲ့ သူတွေအားလုံးကို ပြုံးပြနှုတ်ဆက်ပြီး အားပေးစကားပြောပါတယ်။ မော်လမြိုင်ဆရာတော် ရေမွန်ဖိုးရေနေမကောင်းတာကြားတာနှင့် ချက်ချင်းဘဲမော်လမြိုင်သို့သွားပါတယ်။ မော်လမြိုင်ဆရာတော်ကို ဆေးရုံမှာသွားရောက်အားပေးစကားပြောရင်း ဆုတောင်းပေးပြီး ဘားအံ့ကိုချက်ချင်း ပြန်လာခဲ့ပါတယ်။ ကျောင်းပြန်ရောက်တော့ဆရာတော်ကြီးနှင့်တွေ့သည့်အခါ အပါးကြီးလိမ်းဆေးလိုသေးလားလို့ လျှောက်တော့ "မလိုဘူး ကိုယ်တော်၊ ဘာမှမဖြစ်ဘူး၊ ခြေထောက်ဆားရေစိမ်ပြီးပြီ" ဟု ပြောခဲ့ပါတယ်။" ဖာသာရ်မှ ဆက်လက်၍ " ဒီတစ်ခါ ဆရာတော်ကြီးနဲ့တောင်ပေါ်တက်တာ ခွန်အားအများကြီး ရလာခဲ့တယ် " ဟု လဲပြောခဲ့ပါသည်။

(PHN-osc)

## မန္တလေးသာသနာတစ်ခုလုံးဆိုင်ရာ လူငယ်ဘက်စုံမွမ်းမံသင်တန်း

မန္တလေးသာသနာတစ်လုံးဆိုင်ရာ လူငယ်ဘက်စုံမွမ်းမံသင်တန်းကို မန္တလေးသာသနာလုံးဆိုင်ရာ အဖဆရာတော် Nicholas မန်ထန်း၏ လမ်းညွှန်မှုနှင့်အညီတာဝန်ခံဘုန်းတော်ကြီး Fr. Augustine Tin Maung Htun မှ ဦးဆောင်၍၂၀၁၆၊ မေ (၁၂-၁၈)ရက်အထိ ပြင်ဦးလွင်မြို့ (St.Alysious) ရဟန်းဖြစ်သင်ကျောင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

သင်တန်းတက်ရောက်နိုင်မည့် လူဦးရေစာရင်းနှင့်သင်တန်းဖိတ်စာများကို မန္တလေးသာသနာမှ ဘုန်းတော်ကြီးများ ဝတ်စောင့်ချိန်ဖြစ်သည့် ဧပြီလတွင် ဘုန်းတော်ကြီးများနှင့် ပေးပို့ပေးရမည်ဖြစ်ပါသည်။ သင်တန်းတွင် Fr. Aye Kyaw မှ သမ္မာကျမ်းစာနှင့် ဘဝအသက်တာ၊ Fr. စိုးနိုင် မှ တောင်ပေါ်တရားဒေသနာတော် Fr. ဗညားမှ ဗျာဒိတ်တော်ဖွင့်ဟခြင်း၊ Fr.စိန်လှိုင်ဦး မှ အသင်းတော်သမိုင်းနှင့် အာပတ်ဖြေခြင်း၊ Fr. မျိုးခင် မှ လူငယ်မှလူငယ် ၊ Fr. စိုးတင့် မှ လက်ထပ်ထိမ်းမြားခြင်း စက္ကရမင်တူး၊Fr. ဝင်းမြင့် မှ အလိုတော်နှင့်အညီ အသက်ရှင်ခြင်း၊ ကျမ်းစာထဲကမယ်တော်၊ ကက်သလစ်အသင်းတော်ဆိုသည်မှာ၊Bosco မှ လူငယ်နှင့် ခေတ်သစ်နိုင်ငံရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်တို့ပါဝင်မှု၊ World Vision မှ လူငယ်နှင့်လူကုန်ကူးမှု စသည့်အကြောင်းများကို ပို့ချမည်ဟုလည်းသိရှိရပါသည်။ Prasie and Workshipအစီအစဉ်များ၊ အာပတ်ဖြေခြင်း၊ ဝိညာဉ်ရေးရာစမ်းစစ်ခြင်း၊ လူငယ်ဘဝ အဖြေရှာခြင်း၊ ကက်သလစ်အသင်းတော်၏ မှန်ကန်သောသွန်သင်ချက်များကို ဤသင်တန်းမှပို့ချပေးမည်ဖြစ်ပါ၍ ကျောင်းထိုင် ဘုန်းတော်ကြီးများနှင့် မိဘများမှ မိမိတို့၏ သားသမီးများကို သင်တန်းသို့စေလွှတ်ကြပါရန် နှင့် လိုအပ်သောအကူအညီများ ပံ့ပိုးကူညီ ကြရန်လူငယ်ဒါရိုက်တာ ဘုန်းတော်ကြီး ဖာသာရ်ဩဂတ်စတင်း တင်မောင်ထွန်းထံမှသိရှိရပါသည်။ ပင်ကီ MDY (OSC)7.3.2016

## မိုးပြဲစေတမန်ဗဟိုကျောင်းဆင်းပွဲ

၂၀၁၅-၂၀၁၆ခုနှစ် ပညာသင်နှစ်အတွက် ကျောင်းသူ/သားများ၏ ကျောင်းဆင်းပွဲကို ၂၈၊၂၊၂၀၁၆ တွင် မိုးပြဲမြို့သစ် သာယာကုန်း စေတမန်ဗဟိုကျောင်းတွင် ကျင်းပခဲ့သည်။ ၎င်းကျောင်းတွင် ကျောင်းသူ/သားပေါင်း (၉၈)ဦးရှိပြီး အများစုမှာ တောင်ပေါ်ဒေသမှ တိုင်းရင်းသားကလေးများဖြစ်ကြသည်။

အလယ်တန်းနှင့်အထက်တန်းကျောင်းမရှိသည့်နေရာဒေသမှ ကလေးများ၊ ဆင်းရဲသောမိဘမဲ့ ကလေးများ၊ လူမျိုးဘာသာမရွေး စုစည်းနေထိုင်ကြသောကျောင်းတော်ကြီးတစ်ကျောင်းဖြစ်သည်။

ကျောင်းတော်ကြီးကို ကြီးကြပ်သူများမှာ စေတမန်၏ကျောင်းထိုင်ဖြစ်သောဘုန်းတော်ကြီးဂျိုးဇက်ကန့်၊ စစ္စတာရ် ရီမိန်းဒါ နှင့် ဆရာမလေးဦးတို့ဖြစ်ကြသည်။ ၎င်းကျောင်းတွင် နွေရာသီကျောင်းပိတ်ရက်၌လည်း အင်္ဂလိပ်စာသင်ကြားပေးသွားမည် ဖြစ်သည်။ အင်္ဂလိပ်စာသင်ကြားရာတွင် Learning Conner၌ ပါရှိသောအချက်တို့ကိုအခြေခံ၍ သင်ကြားလျှက်ရှိကြောင်းသိရှိရပါ သည်။ ၎င်းတို့မှာ- Listing, speaking, reading, writing, thinking, drawing, conversation and commuting တို့ဖြစ်ကြသည်။

ကျောင်းတော်ကြီးဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ-

- နေစရာမရှိ ခိုကိုးရာမဲ့နေသော ကလေးများအား နေရာတစ်ခု ရရှိလာစေရန်၊
- ပညာ၏တန်ဖိုးကိုသိရှိလာပြီး ပညာတတ်ကြီးဖြစ်လာစေရန်၊
- မိမိ၏ဘာသာတရားကို ပိုမိုသိရှိလာစေရန်နှင့်ကိုင်းရှိုင်းလာစေရန်၊
- "စေတမန်" ဟူသည် အဘယ်နည်းသိရှိလာစေရန်၊
- တစ်ဖက်တစ်လမ်းမှ သာသနာ့အမှုတော်ကို ထမ်းဆောင်လာတတ်စေရန်၊
- တစ်ဦးနှင့်တစ်ဦးချစ်ခင်ရင်းနှီးပြီး မိသားစုစိတ်ဓါတ်ရှိလာစေရန်၊
- လူမျိုးဘာသာခွဲခြားမှုမရှိပဲအတူလက်တွဲနေထိုင်တတ်စေရန်၊
- အကျင့်စာရိတ္တပိုမိုကောင်းလာစေရန်၊
- လူနေမှု အဆင့်အတန်းမြင့်တက်လာစေရန် နှင့်
- ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကြောင်းသိရှိရပါသည်။

(Sr. Dominic)

(၅၀)ကြိမ်မြောက် ကမ္ဘာ့လူထုဆက်သွယ်ရေးနေ့။ မေလ(၈)ရက်နေ့၊၂၀၁၆ ခုနှစ်

**Communication and Mercy: A Fruitful Encounter.**

**ဆက်သွယ်ခြင်းနှင့် သနားကရုဏာ၊ ကောင်းမွန်၍အသီးအပွင့်ဖြစ်စေသောတွေ့ဆုံခြင်း**




ကလေး
သာသနာ

## ကရုဏာရောင်ခြည်လူမှုဖွံ့ဖြိုးရေးအသင်းနှင့် ဒေသခံများပူးပေါင်းကျင်းပသော စာပေဟောပြောပွဲ

ကရုဏာရောင်ခြည်လူမှုဖွံ့ဖြိုးရေးအသင်းနှင့် ဒေသခံများ ပူးပေါင်းကျင်းပသော စာပေဟောပြောပွဲကို တမူးခရိုင်၊ ခမ်းပတ်မြို့နယ်ခွဲအမှတ် (၁)ရပ်ကွက်၊ စိန့်ဖရန်စစ်အစီစီ ကက်သလစ်ဘုရားရှိခိုးကျောင်း ပရဝုဏ်အတွင်း၌ ဖေဖော်ဝါရီလ(၈)ရက်ည (၆း၀၀) နာရီခွဲမှည(၈း၀၀)နာရီခွဲအထိ ကျင်းပကြပါသည်။

အဆိုပါဟောပြောပွဲကို ရန်ကုန် မှ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင် စာရေးဆရာ၊ ဒါရိုက်တာ၊ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ အကယ်ဒမီ ဒေါက်တာကျော်သူမှ "ဖျတ်ခနဲပေါ်…ဆတ်ခနဲလုပ်… " ဆိုသည့်ခေါင်းစဉ်ဖြင့် ဟောကြားခဲ့ပါသည်။ ဆရာကျော်သူက "လူမျိုး၊ ဘာသာ၊ မိတ်ဆွေ၊ ရန်သူ မရွေးမခွဲဘဲ လူရယ်လို့ဖြစ်လာရင် အားလုံးဟာ အတူတူပဲဖြစ်ကြပြီး အားလုံးဟာသေကြမှာပဲ၊ ဘယ်နေရာ ဘယ်အချိန်အခါမရွေးသေကြမယ်ဆိုတော့ အယူသည်းမှုမရှိဘဲ ပရဟိတ စိတ်ဓါတ်မွေးမြူတိုးပွားနိုင်ရန်နှင့် လူထုပရိသတ်အား ကျေးဇူးဆပ်တင်ခြင်း အနေနဲ့ အခုလို ဟောပြောပွဲပြုလုပ်တာပါ"ဟု ပြောကြားခဲ့ပါသည်။ ဆက်လက်၍ဆရာဝီလျှံပေါင်မှ နိုင်ငံရေးအခြေအနေကိုမေးရာတွင်သူက "ဒေါ်စုနောက်လိုက်မှာပဲ " ဒါဆိုဘယ်လိုကဏ္ဍမျိုးမှာလဲလို့မေးတဲ့အခါမှာ သူက "အသုဘချမှာပဲ" လို့ ဖြေကြားခဲ့ပါ သည်။

အဆိုပါ ဟောပြောပွဲကို ကရုဏာရောင်ခြည်လူမှုဖွံ့ဖြိုးရေးအသင်း (ရန်ကုန်) ၏ ဥက္ကဋ္ဌဖြစ်သူ ဦးထန်ဘွဲမှ အစစအရာရာ စီစဉ်လမ်းပြ ဦးဆောင်ခြင်းဖြစ်တယ်" လို့ ဆရာခုပ်ထန်နှင့် ဂေါပကလူကြီးထံမှကြားသိရပါသည်။ အဆိုပါ ဟောပြောပွဲတွင် ကလေးသာသနာပိုင် Bishop Felix Lian Khen Thang၊ ဟားခါးသာသနာပိုင် Bishop Lucius Hre Kung ကက်သလစ်ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ ဗုဒ္ဓဘာသာရဟန်း သံဃာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာအကြီးအကဲ များတက်ရောက်ကြပြီးလူထုပရိတ်သတ်(၂၀၀၀)ခန့် တက်ရောက်ကြ ပါသည်။

ဆရာကျော်သူ၏ ဟောပြောပွဲအပြီး၌ ကလေးကက်သလစ်သာသနာပိုင်အဖဆရာတော်ဘုရားမှ အမှာစကားပြောကြားရာတွင် "ဆရာတော် ရဲ့ သာသနာနယ်မြေမှာလာရောက်ပြီး ပရဟိတလုပ်ငန်းအကြောင်း၊ အထူးသဖြင့် နာရေးမှာ လုပ်ရှားခဲ့သမျှအရာများ၊ ဒေါက်တာကျော်သူရဲ့ အစွမ်းသတ္တိ၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုစတဲ့အရာတွေဟာ မိမိတို့အတုယူပြီး ကိုယ်တိုင်ကျင့်ကြံဆောင်ရွက်သွားဖို့ဖြစ်ကြောင်းနှင့် ကျေးဇူးတင်စကားပြောကြားပြီး ကလေးကက်သလစ်သာသနာ၏ဂုဏ်ပြုလွှာကို ဆရာတော်ဘုရားမှ ဒေါက်တာကျော်သူအားချီးမြှင့်တော်မူပါသည်။ ၎င်းကလည်း ဆရာတော် (၂)ပါးကို မေတ္တာလက်ဆောင် ဆက်ကပ်ခဲ့ပါသည်။

လူသိများသည့် ဆရာကျော်သူ၏နာမည်ရင်းမှာ ဦးဇော်ဝင်းဖြစ်ပြီး အဖဦးစိန်တင်နှင့် အမိဒေါ်မြသန်းတို့မှ ၁၉၅၉ ခုနှစ် နိုဝင်ဘာလ (၂) ရက်တွင် မွေးဖွားခဲ့ပါသည်။ စာပေးစာယူရူပဗေဒ နောက်ဆုံးနှစ်ဖြစ်ပြီး ဒေါ်မိမိခင် (ခေါ်) ရွှေဇီးကွက်နှင့် အိမ်ထောင်ပြုကာ သားပေသိန်းကျော် (အင်ဂျင်နီယာ USA) နှင့် သမီးမြတ်မွန်ဦး ဆရာဝန် (Australia) တို့ထွန်းကားခဲ့ပါသည်။ သူ၏ဆောင်ပုဒ်မှာ "ဟေ့…. ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်တာဝန်ကိုယ်ကျေ၊ ကိုယ့်သီလကိုယ်လုံ၊ကိုယ့်သမိုင်းကိုယ်ရေး" ဟုဖြစ် ကြောင်းသိရှိရပါသည်။

အဆိုပါဟောပြောပွဲမျိုးသည် ခမ်းပတ်မြို့တွင် ပထမဦးဆုံးဖြစ်၍ ပြည်သူများအတွက် သမိုင်းတွင်မည့် လုပ်ဆောင်မှုဖြစ်ကြောင်းကိုလည်းသိရှိရပါ သည်။

ကိုဝီလျှံ(RVA)

ကလေးသာသနာ

## မသန်စွမ်းသူများနှင့် မိဘများအားပညာပေးသင်တန်းပြုလုပ်

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေဆိုင်ရာ ပညာပေးသင်တန်းကို (၅.၂.၂၀၁၆) ရက်နေ့နံနက် (၈) နာရီမှ ညနေ(၃) နာရီအထိ (DDI Office, No. 16, Thazin Block 1, Kalay-myo) တွင်ပြုလုပ်ပေးခဲ့ရာ မသန်စွမ်းဆိုင်ရာ ဖွံ့ဖြိုးရေးဒါရိုက်တာ Rev. Sang UK Cung, Director of Dis-ability Development Intitative (DDI), ကလေးမြို့မှ သင်တန်းပို့ချပေးခဲ့ပါသည်

အဆိုပါသင်တန်းတွင် မသန်စွမ်းသူများနှင့် မိဘများ(၄၈)ယောက်၊ အမျိုးသမီး(၁၇)ယောက်၊ အမျိုးသား(၃၁)ယောက်၊ PWDS (၁၅)ဦး ပါဝင်တက်ရောက်ကြကြောင်း သိရှိရသည်။ ဤသင်တန်းကို( Disability Rights Fund (DRF)မှ ကူညီပံ့ပိုးမှုဖြင့် United Nations Covention of the Rights of Persons with Disabilities (UNCR-PD) ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ(၇) ရက်နေ့တွင် ဦးသိန်းစိန်အစိုးရက အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၅-ခုနှစ် ဇွန်လ(၅)ရက်နေ့တွင် (Myanmar National Disability Rights Law ကို သမ္မတဦးသိန်းစိန်မှ အတည်ပြုပြီးဖြစ်ကြောင်းသိရှိရပါသည်။

Sai Michael Kaanglian St.Mary Cathedral, Kalaymyo.




# စိန်ပေါလ်တရားဟောဆရာဖြစ်သင်တန်းကျောင်းပိတ်ပွဲ

စိန်ပေါလ် တရားဟောဆရာဖြစ်သင်တန်းကျောင်း ပိတ်ပွဲအခမ်းအနားကို (၂၈၊၂၊၂၀၁၆) နေ့တွင် ကျင်းပခဲ့ကြသည်။ ယခင်နှစ်တွင် သင်တန်းကာလပြီးဆုံးသွားပြီး သာသနာ အုပ်စုအချို့၌ တစ်နှစ်တာ တရားဟောဆရာဘဝ အတွေ့အကြုံကို ယူလျှက်တာဝန်ထမ်းဆောင်ခဲ့ကြသည်။ သာသနာအုပ်စု မှ ကျောင်းထိုင်၏ ထောက်ခံချက်အပေါ် မူတည်၍ သင်တန်းဆင်း လက်မှတ်များကို ထုတ်ပေးအပ်သည့် အခမ်းအနားဖြစ်ပါသည်။ ထိုအခမ်းအနားကို မစ္ဆားတရားပူဇော်ဆုတောင်းခြင်းဖြင့် ဂိုဏ်ချုပ် ခွန်အားများ အလင်းတော်များလည်း ပါဝင်သည်။

မစ္ဆားတရားပူဇော်ခြင်းအစီအစဉ်ကို စိန်ဂျိုးဇက်သာသနာအုပ်စု၏ တာဝန်ခံဘုန်းတော်ကြီးဖာသာရ်ပေါလ်မာလွန်မှ ဦးဆောင်ပြီး၊ တရားဒေသနာတော်ကို သာသနာပြုကျောင်းတိုက်တာဝန်ခံ ဖာသာရ်စတီးဖင်းအားနိမှမြွတ်ကြားကြောင်း၊ မစ္ဆားတရားတော်မြတ်အတွင်း၌ မွန်ဆီညှော်ဖာသာရ်အလ်ဘက်ပေါလ်ခမ်း၊ စိန်ပေါလ်တရားဟောဆရာသင်တန်းကျောင်းအုပ်ဖာသာရ်ဂျိုးဇက်အားမူ၊ ကရုဏာဒါရိုက်တာဖာသာရ်စတီးဖင်းအားချူ၊ စိန်ပီတာရဟန်းဖြစ်တက္ကသိုလ်အကြိုကျောင်းအုပ်ဖာသာရ်အဲလ်ဖရက်ဂျေမူ၊ စိန်လွီ(စ်)ယောက်ျားလေး အဆောင်၏ကျောင်းအုပ်ဖာသာရ်မားရီယိုမြင့်လွင်နှင့်ဖာသာရ်ကလေးမင်းအန်းဂျေလိုတို့ပါဝင်ကြောင်းသိရသည်။

သင်တန်းကာလမှာ(၂)နှစ် ဖြစ်၍၎င်း (၂) နှစ်တာအတွင်း သင်ကြားသောဘာသာရပ်များမှာ

(၁) တိုင်းရင်းသားစာပေ-စစ္စတာရ်လေဒီယာ(မယ်တော်သမီးသီလရှင်)

(၂) ဘုရားစကား - စိန်ဖရန်စစ်ဇေးဗီးယားသီလရှင်

(၃) မြူးဇစ်နှင့်တူရိယာ - ဆရာရေဘာတ်အောင်ဝင်း

(၄) ဓမ္မဆရာတို့၏ကျင့်ဝတ်နှင့်နီတိ - ဆရာကြီးပေါလ်အားရဲ

(၅) သမ္မာကျမ်းစာ - ဖာသာရ်မားရီယိုမြင့်လွင်

(၆) စက္ကရာမင်းတူများ - ဖာသာရ်အဲလ်ဖရက်ဂျေမူ

(၇) အထွေထွေသိမှတ်ဖွယ်ရာများ - ဖာသာရ်ဂျိုးဇက်အားမူ

(၈) ကက်သလစ်သာသနာ့သမိုင်း - ဖာသာရ်ကလေးမင်းအန်းဂျေလို

စသည့် ဘာသာရပ်များသင်ကြားနေကြောင်းသိရှိရပါသည်။

သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား (၅) ဦးသာ ရရှိကြောင်း၊ ၎င်းတို့မှာ

(၁) မောင်လွီးဂျီအားဒို (မိုင်းခတ်သာသနာအုပ်စု)

(၂) မောင်အာဘီးဒါဂိတ် (တုံကွမ်သာသနာအုပ်စု)

(၃) မောင်အားယိုယောဟန် (ကဖသာသနာအုပ်စု)

(၄) မောင်ယောဟန် (မိုင်းဖြတ်သာသနာအုပ်စု)

(၅) မောင်အားထေသောမတ်(စ်) (တာချီလိတ်သာသနာအုပ်စု) တို့ဖြစ်ကြောင်းသိရသည်။

သင်တန်းဆင်းလက်မှတ်များကို မွန်ဆီညှော်အဲလ်ဘက်ပေါခမ်းမှပေးအပ်ခဲ့ပြီး သင်တန်းပို့ ချပေးသောဆရာသမားများ အားလက်ဆောင်များပေးအပ်ခဲ့ပါသည်။ အဆိုပါမစ္ဆားတရားပူဇော်ခြင်း၌ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စိန်ဂျိုးဇက်သာသနာ အုပ်စုအတွင်းရှိဘာသာတူများ၊ သီလရှင်ဂိုဏ်းအသီးသီးမှ သီလရှင်များ တက်ရောက်ခဲ့ကြ၍ မစ္ဆားတရားအပြီးတွင် ကျိုင်းတုံရှမ်းခေါက်ဆွဲနှင့်ဧည့်ခံခဲ့ကြောင်း သတင်းရရှိပါသည်။(ကိုပိုက်)



# ယုံကြည်ခြင်း သွေးမျိုးစေ့ ၏ အသီးအပွင့်လေး

ဖာသာရ်ရဲဝင်းသည်ရဟန်းသိက္ခာခံယူခြင်းကို မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ဘုရားဖူးဗဟို ဖြစ်သော ညောင်လေးပင်မယ်တော်ပွဲတွင် ရန်ကုန်မှ ဘဂတူ ဦးပဋ္ဋင်း (၅) ပါးနှင့်အတူ၊ ကာဒီနယ်ဘုရားလက်တော်မှ ခံယူခဲ့ပါသည်။ ဖေဖော်ဝါရီလ (၂၇) နေ့ နံနက် (၁၀)နာရီတွင် ပထမဦးဆုံးမစ္ဆားကို သူ၏ရွာ၌ပူဇော်ခဲ့ပြီး အနီးအဝေးမှ ဘာသာတူ မိတ်ဆွေများလည်း တက်ရောက်ခဲ့ကြပါသည်။

ဖာသာရ်ရဲဝင်း၏ မိဘနှစ်ပါးလုံးကွယ်လွန်ခဲ့ကြပြီး ဆွေမျိုးသားချင်းများ၏ အကူအညီဖြင့် ရဟန်းဘဝသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အခြေခံရဟန်းလောင်းကျောင်းသို့ဝင်ရောက်ခဲ့သည့်အချိန်မှစ၍ ရဟန်းသိက္ခာခံယူသည့် အချိန်အထိ(၁၃)နှစ် တိုင်တိုင်ကြာခဲ့ကြောင်း၊ ထိုသို့နှစ်ကာလကြာမြင့်ခြင်းသည် ရဟန်းဘဝသို့ တက်ရောက်ရန်အတွက် ခက်ခဲစွာကြိုးစား၍လျှောက်လှမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ ဓမ္မသဂြိုလ်ဘာသာရပ်ကို (၂၀၁၄-၂၀၁၅) ပညာသင်နှစ်တွင်ပြီးဆုံးခဲ့ပြီး၊ ဦးပဋ္ဋင်းသိက္ခာတော်ကို ကျိုင်းတုံသာသနာအပိုင်၊ နမ့်ပန်းသာသနာအုပ်စု၌ ယုံကြည်ခြင်းခရီး (၅၀)နှစ်ပြည့် ဂျူဗလီပွဲတော်နှင့်အတူ (၂၀၁၅) ဒီဇင်ဘာလ(၆)ရက်နေ့တွင် ကျိုင်းတုံသာသနာဆရာတော်၏လက်တော်မှခံယူခဲ့ပါသည်။

ဖာသာရ်ရဲဝင်းသည် ကျိုင်းတုံသာသနာအပိုင် မိုင်းခေါင်သာသနာအုပ်စု ဟွေဟိုရွာဇာတိဖြစ်ပါသည်။ ဟွေဟိုရွာသည် အာခါလူမျိုးစုသာ နေထိုင်သောရွာဖြစ်ကာ(၁၉၈၅) ခုနှစ်ဝန်းကျင်မှသာ မိရိုးဖလာသက်ဝင်ယုံကြည်ရာမှ ကက်သလစ်သာသနာသို့ ပြောင်းလဲဝင်ရောက်ခဲ့ပါသည်။ မိုင်းခေါင် ဒေသသည် သူတော်မြတ်ဖာသာရ်စတီးဖင်းဖောင်း၏ ယုံကြည်ခြင်းသွေးမျိုးစေ့ ချခဲ့သည့်နယ်မြေလည်း ဖြစ်သည်။

ဖာသာရ်ရဲဝင်းသည် သာသနာ၏ ရဟန်းဖြစ်တက္ကသိုလ်အကြိုကျောင်း (Intermediate Seminary) ၏ ဂိုဏ်ချုပ်ရေးလမ်းညွှန်ဘုန်းတော်ကြီးအဖြစ် အမှုတော်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ဟွေဟိုရွာသည် အာခါလူမျိုး အများစုနေထိုင်ကြ၍ မိရိုးဖလာ သက်ဝင်ယုံကြည်ရာမှတစ်ဆင့် ကက်သလစ် ဘာသာတူများ ဖြစ်လာကြသည်မှာ နှစ်ပေါင်း (၄၀) ရှိလာသည့် အနက်ဘုန်းတော်ကြီး ရောဘက်ရဲဝင်းသည် ထိုရွာအတွက်ပထမဆုံးရဟန်းတစ်ပါးဖြစ်လာခဲ့ကြောင်း Sr. Rose Mary SdP မှသတင်းပေးပို့ပါသည်။

## မော်လမြိုင်ဖုံ နွေရာသီဘုရားစကား Music, နှင့်Basic Englih သင်တန်းပြုလုပ်

မော်လမြိုင်ဖုံ နွေရာသီဘုရားစကားသင်တန်း နှင့် Music, Basic Englih သင်တန်းကို မတ်လ (၁) ရက်နေ့ နံနက် မစ္ဆားအပြီး (၈း၀၀) နာရီတွင် မော်လမြိုင်မြို့ရှိ သန့်ရှင်းသောအိမ်ထောင်စုဘုရားကျောင်းတွင်စတင် ဖွင့်လှစ်ခဲ့ပါသည်။ ၎င်းသင်တန်းကို မတ်လ တစ်လလုံးပြုလုပ်သင်ကြားပေးမည်ဖြစ်ပါသည်။

နွေရာသီသင်တန်းတွင် ဘုရားစကား Catechism ကို အဓိကထားသင်ကြားပေးသည့်အပြင် အခြေခံ Media အသုံးပြုမှု ကိုလည်း ထည့်သွင်းသင်ကြား ပေးသည်ဟုသိရပါသည်။ ယခုခေတ်နှင့် သင့်လျော်သည့်အသိညာဗဟုသုတများ ဥပမာ အခြေခံ ပြည်သူ့နီတိ ယဉ်ကျေးမှု၏ တန်ဖိုးစသည်တို့ကိုထည့်သွင်း သင်ကြားခြင်းလည်းရှိပါသည်။

ယခုသင်တန်းတွင် မော်လမြိုင် Parish, St Patrick Parish, ရေး Parish, ကျိုက္ခမီ Parish များရှိ ကလေးသူငယ် စုစုပေါင်း (၁၀၄)ယောက်ပါဝင်တက်ရောက်ကြပါသည်။ ၎င်းသင်တန်းကို တစ်နှစ်တစ်ခါ ပြုလုပ်ကြောင်း သိရပါသည်။ ထူးခြားမှုအနေဖြင့် Basic English နှင့် အခြေခံ Media အသိပညာများ သင်ကြားပေးသည်ကိုတွေ့ရပါသည်။

ယခုကဲ့သို့တစ်နှစ်တစ်ခါ နွေရာသီသင်တန်းပြုလုပ်ခြင်း၏ရည်ရွယ်ချက်မှာ ယုံကြည်ခြင်းအတွက်အထောက်အကူဖြစ်ရန် ကလေးသူငယ်များကို ကျောင်းစာ Intellectual ပညာအပြင် Spiritual ဝိညာဉ်ရေးအသိပညာများ စီစဉ်ပြုလုပ်ပေးခြင်းဖြစ်ပါသည်။

မော်လမြိုင်ဖုံ Holy Family Cathedral မှ Fr John Kyaw Kyaw Naing ကိုယ်တိုင် ဦးဆောင်ပြီး brother တစ်ပါးနှင့် စစ္စတာရ် ငါးပါး ပါဝင်သင်ကြားပေးသည်ဟု သိရပါသည်။ (Fr Augustine Shwe, MLM- OSC)

## ပြည်သာသနာ လူငယ်များအတွက် မစ္ဆားတရားတော်မြတ်နှင့် အစည်းအဝေး

ပြည်ကက်သလစ်ဂိုဏ်းအုပ်သာသနာ ပြည်မပိုင်းဖုံရှိ လူငယ်များအတွက် လစဉ် လ၏ပထမတနင်္ဂနွေနေ့တိုင်းပြုလုပ်သော လူငယ် မစ္ဆားတရား နှင့်နွေရာသီလူငယ်သင်တန်းပြုလုပ်ရန်အတွက် အကြိုအစည်းအဝေးကို မတ်လ (၂၆)ရက်၊ ၂၀၁၆ခုနှစ်တွင် ပြည်မြို့ စိန်ပေါလ် ကာသီဒြယ်ကျောင်းတော် ကြီးတွင်ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့လူငယ်(၁၀၀)ကျော်တက်ရောက်ခဲ့ပါသည်။

နံနက်(၁၀း၀၀)နာရီတွင် ဂိုဏ်းအုပ်ဆရာတော်ကြီး Alexander ဦးပြုံးချို ဦးဆောင်လျက် ရဟန်းတော်(၅)ပါးနှင့်အတူ မစ္ဆားတရားတော်မြတ်ကို ပူဇော်ခဲ့ကြပါသည်။ ဆရာတော်ကြီးမှ ဩဝါဒပေးရာတွင် ဆာလံ(၃၃)မှ "သခင်ဘုရားသည် ချိုမြတ်သာယာ ကြောင်းကို မြည်းစမ်း၍ကြည့်ကြလော့" ဆာလံအလိုက်ကို အမှီပြု၍မြွက်ကြားခဲ့ပါသည်။ လက်တွေ့အနေနှင့်လူငယ်များအား လက်ညှိုး ထောင်ခိုင်းပြီး မိမိတို့၏ပါးစပ်ထဲသို့ထည့်ခိုင်း၍ ထိုလက်ညှိုးသည် မည်သည့် အရသာရှိသည်ကို မေးမြန်းခဲ့ပါသည်။ လက်ညှိုး၏အရသာကို မိမိပါးစပ်ထဲသို့ထည့်၍စမ်းသပ်မှသာ သိရှိနိုင်သကဲ့သို့ ဘုရားသခင်သည်လည်းလူငယ်များဘဝအတွက် အရသာမည်ကဲ့သို့ ရှိသည်ကို သိရှိနိုင်ရန် မိမိဘဝ၌ထည့်၍စမ်းသပ်ရမည်ဖြစ်ကြောင်း ဟာသနှော၍ဆုံးမခဲ့ ပါသည်။

မစ္ဆားတရားတော်မြတ်အပြီးတွင် မှတ်တမ်းတင်ဓါတ်ပုံရိုက်ခြင်း၊ နေ့လည်စာသုံးဆောင်ခြင်းနှင့် အစည်းအဝေးပြုလုပ်ကြပါသည်။ အစည်းအဝေးအပြီးတွင် လူငယ်များရင်းနှီးမှုရှိရန် Social games များကစားကြပြီး ညနေ(၃း၃၀)နာရီတွင် အစီအစဉ်များကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။ (Fr. Chit Thein PYP-OSC)

## မျိုးဆက်သစ်လူငယ်တို့၏ခြေလှမ်းများ

နွေရာသီကျောင်းပိတ်ရက်အတွင်း ကလေးများလူငယ်များအတွက်ဘာသာရေး သိကောင်းစရာများ၊ ကိုယ်ကျင့်တရား ဆိုင်ရာများ၊ အခြေခံမြူးစိနှင့်သီချင်း၊ လက်မှုပညာနှင့် ဂတ်ပြုခြင်းဆိုင်ရာပြင်ဆင်ခြင်း၊ အခြေခံသမ္မာကျမ်းစာကို ချဉ်းကပ်လေ့လာခြင်းနှင့် ထားရှိရမည့် စိတ်နေသဘောထားအကြောင်းများနှင့်ပတ်သက်သည့် သင်ခန်းစာများကို ကျိုင်းတုံမြို့၊ မျှော်မြင်ခြင်း သီလရှင်ကျောင်းတွင် မတ်လ(၁)ရက်မှစ၍ မတ်လ(၁၃) ရက်နေ့ထိ ကျင်းပပေးခဲ့ပါသည်။ ၎င်းသင်တန်းသို့သင်တန်းသူ၊သင်တန်းသား(၁၆၀)ဦး တက်ရောက် ခဲ့ပါသည်။

သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်မှာ ခေတ်ရေစီးကြောင်း တိုးတက်လာသည်နှင့်အမျှ အသင်းတော်၌တိုးတက်ပြောင်းလဲ နေသော အတွေးသစ်အမြင်သစ်များရှိစေလိုခြင်း၊ ပျက်စီးလေလွင့်နေသောကလေးများ၊ လူငယ်များတို့၏ ဘဝကိုပြုပြင်သွားစေလိုခြင်း နှင့် ဘာသာတရားကို ပိုမိုသိရှိနားလည်ပြီး မိမိတို့လူငယ်အချင်းချင်းအကြား ဇာံဂေလိသတင်းကောင်းကို ကိုယ့်နည်းကိုယ်ဟန်ဖြင့် သက်သေခံတတ်စေဖို့ရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုသင်တန်းတွင် ကလေးလူငယ်များအားအဖွဲ့လိုက် စွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး သင်တန်းနောက်ဆုံးနေ့တွင် ဘုန်းတော်ကြီး Fr.မာရီယိုမြင့်လွင်မှ ကလေးများ၊ လူငယ်များအားဂိညာဉ်ခွန်အားဖြည့် တရား ရေအေးတိုက်ကျွေးခဲ့ပါသည်။ (ရိုစ့် SdP)

## Global Fund to End Slavery in Myanmar မှ လူမှုအခြေပြုအဖွဲ့များနှင့်တွေ့ဆုံခြင်း (MC-MATH NET)



Global Fund to End Slavery - Myanmar Program မှတာဝန်ရှိသူများ ၊ဝန်ထမ်းများသည် ဖေဖော်ဝါရီလ (၂၉)ရက် ၊ ၂၀၁၆ ရက်နေ့တွင် လူကုန်ကူးမှုကာကွယ်တားစီးရေးဆိုင်ရာ နှင့် ရွှေ့ပြောင်းလုပ်သားများအရေး ဆောင်ရွက်နေသော လူမှုအခြေပြု အဖွဲ့များ တွေ့ဆုံခြင်း အစီအစဉ်အား KMSS ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း၏ စီစဉ်မှုဖြင့် ၂၉၂(က)ပြည်လမ်း၊ စမ်းချောင်း ၊ရန်ကုန်မြို့ရှိ CBCM ၌ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်များ ၊ အခက်အခဲများ ၊ ပိုမိုကောင်းမွန် စေရန် အကြံပြုချက်များအား ဝေမျှဆွေးနွေးခဲ့ပါသည်။ အစည်းအဝေးသို့ Global Fund မှ ဝန်ထမ်း (၄) ဦး ၊ MC-MATH NET မှ (၃)ဦး ၊ KMSSမှ (၁) ဦး ၊ RSG မှ စစ္စတာရ် (၂) ပါး နှင့် အခြားလူမှု အခြေပြုအဖွဲ့အစည်းများမှ(၁၃)ဦး အားလုံးစုစုပေါင်း (၂၃) ဦး တက်ရောက် ခဲ့ပါသည်။

## နေပြည်တော်တွင်ကျင်းပသည့် National Workshop on Developing a National Referral Mechanism (NRM ) for Proividing Assistant to Victims of Trafficking အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ခြင်း

လူမှုဝန်ထမ်းဦးစီးဌာနနှင့် IOM Myanmar တို့မှ ပူးပေါင်းကျင်းပသည့် အမျိုးသားအဆင့် လူကုန်ကူးခံရသူများအား ပံ့ပိုးမှု ပေးနိုင်သော ရည်ညွှန်းစေလွှတ်မှု ယန္တယားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကိုမတ်လ (၃ - ၄) ရက်နေ့များတွင် နေပြည်တော် ၌ပြုလုပ်ခဲ့ပါသည်။ ၎င်းအလုပ်ရုံဆွေးနွေးပွဲသို့ CBCM မှကိုယ်စားလှယ်အဖြစ် စစ္စတာရ်.Benedictta Philip (RGS) ၊ ကောင်းသော သိုးထိန်းသီလရှင်များအသင်းဂိုဏ်းမှ Sr.Kevin Yin Yin နှင့် KMSS -ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်းမှ Nicholas တို့ တက်ရောက်ခဲ့ပါသည်။ ထိုအလုပ်ရုံ ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလူကုန်ကူးမှု ကာကွယ်တားစီးရေးရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ အလုပ်သမားညွှန်ကြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ လူဝန်မှုကြီးကြပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှတာဝန်ရှိသူများ ၊ ဥပဒေရေးရာဝန်ထမ်းများ နှင့် INGOs ၊ LNGOs နှင့် လူမှုအခြေပြု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း (၅၀) ဦးခန့်တက်ရောက်ခဲ့ပါသည်။

## (၁၇) ကြိမ်မြောက်ပြုလုပ်ကျင်းပမည့် AMOR (Asia Oceania meeting of Religious) အစည်းအဝေး

AMOR (Asia Oceania meeting of Religious) အာရှပစိဖိတ်ဆိုင်ရာ ဂိုဏ်းပေါင်းစုံသူတော်စင်များညီလာခံ၏ (၁၇)ကြိမ် မြောက် အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဖေဖေါ်ဝါရီ လ(၂၆)ရက်မှ မတ်လ(၃)ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ အစည်းအဝေးကို အာရှတိုက်နှင့် Oceania ထဲတွင်ရှိသော နိုင်ငံအသီးသီးမှ သူတော်စင်ဂိုဏ်းဝင်ကိုယ်စားလှယ်များ တက်ရောက်ပါဝင်ဆွေးနွေးသွားမည်ဖြစ်ပါသည်။

အစည်းအဝေးတွင် ပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ စာချွန်တော်ဖြစ်သည့် Laudato Si ကိုအခြေခံပြီးဆွေးနွေး တိုင်ပင်သွားမည် ဖြစ်ကြောင်းသိရှိရပါသည်။ AMOR EC အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရှိသူတော်စင်ဂိုဏ်းအသီးသီးမှ ကိုယ်စားလှယ်များသည် (၂၀၁၇) တွင် ကျင်းပမည့် အစည်းအဝေးကို ကောင်းမွန်စွာပြုလုပ်သွားနိုင်ရန်အတွက် ၂၀၁၆ ခုနှစ် မတ်လ (၁) ရက်နေ့တွင် ရန်ကုန်မြို့ရှိ CRCM ၌တွေ့ဆုံ ဆွေးနွေးပြင်ဆင်သွားခဲ့ကြောင်းကိုလည်း သိရပါသည်။

AMOR အစည်းအဝေးကို လွန်ခဲ့သော ၁၉၇၂ ခုနှစ်တွင်စတင်ခဲ့ပြီး ထိုခုနှစ်မှစ၍ သုံးနှစ်လျှင်တစ်ကြိမ်ပြုလုပ်ခဲ့ရာ အကြိမ်ပေါင်း (၁၆) ကြိမ် ပြုလုပ်ပြီးခဲ့ကြောင်းသိရပါသည်။ Sr.Josephine Khay (ZSLF)




M-CHAN

# ခွဲခြားနှိမ့်ချဆက်ဆံမှု ပပျောက်ရေးနေ့ ကျင်းပ

HIVဖြင့်အသက်ရှင်နေထိုင်သူများအတွက်ပစ်မှတ်ထားသော ခွဲခြားနှိမ့်ချဆက်ဆံမှုလုံးဝပပျောက်ရေး၊ HIVနှင့်ရောဂါ ကူးစက်မှု လုံးဝမရှိရေး၊ AIDSနှင့်သေဆုံးသူလုံးဝပပျောက်ရေး စသည်တို့မှခွဲခြားနှိမ့်ချဆက်ဆံမှုလုံးဝ ပပျောက်ရေးနေ့အဖြစ်မတ်လ (၁) ရက်နေ့ကို ကမ္ဘာမှ သတ်မှတ် ကျင်းပ ကြောင်းသိရှိရပါသည်။

ထိုနေ့ကို ခွဲခြားဆက်ဆံရေးလုံးဝပပျောက်ရန်၊ လူသားတိုင်း တန်းတူနေထိုင်ခွင့်ရရှိရန်၊ လူမျိုးမရွေးဘာသာ မရွေးခွဲခြားဆက်ဆံရေး ပပျောက်ရန်စသည့်ရည်ရွယ်ချက်များဖြင့်ကျင်းပခြင်းဖြစ်ပါသည်။

Myanmar Catholic HIV/AIDS Network (M-CHAN) ရုံးအနေနှင့် ခွဲခြားနှိမ့်ချဆက်ဆံမှု ပပျောက်ရေးနေ့ကို ဘာသာကြီးလေးခုဖြစ်သော ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာစသော ဘာသာကြီးလေးခုနှင့် ဖွဲ့စည်းထားသော Myanmar Interfaith Network HIV/AIDS (MINA) နှင့်ပူးပေါင်းကျင်းပပြီး ဘာသာတစ်ခုစီတိုင်း၏ အရေးကြီးဆုံးသော ပွဲနေ့များတွင်လည်း HIV ဖြင့်အသက်ရှင်နေထိုင်သူများ၊ AIDS ဖြင့်သေလွန်သွားသည့် သူများအတွက် ဆုတောင်း မေတ္တာပို့သခြင်းများပြုလုပ်ကြကြောင်းသိရှိရပါသည်။

(M-CHAN) နှင့် (MINA) တို့သည် ၂၀၁၀ ခုနှစ်တွင် ပူးပေါင်း၍ HIV / AIDS လုပ်ငန်းများလုပ်ကိုင် ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိခဲ့သည်ဟုလည်းသိရပါသည်။၎င်း (MINA) အဖွဲ့ကိုမန္တလေး၊ မြောင်းမြ၊ ပုသိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း တို့တွင်လည်း ဖွဲ့စည်း ထားကြောင်းကိုသိရပါသည်။




M-CHAN ရုံး၏ဝန်ထမ်း မဇလီဇဘက်ဟောမာလွင်မှ ခွဲခြားနှိမ့်ချဆက်ဆံမှုပပျောက်ရေးနေ့ကျင်းပခြင်းဖြင့် HIV ပိုးဖြင့် အသက်ရှင်နေထိုင်သောသူနှင့် HIV ပိုးမရှိသောသူများ မခွဲခြားဘဲ တန်းတူနေထိုင်နိုင်သည့်အတွက် ပိုမိုကျန်းမာလာကာ စိတ်ဓါတ်မြင့်မားပြီး အလုပ်လုပ်ကိုင်နိုင်လျက်အသက်ဆက်ရှင်နိုင်၍ အနာဂတ် အတွက် အသီးအပွင့်များဖြစ်လာနိုင်မည်ဟု ယုံကြည်ကြောင်းလည်း ပြောခဲ့ပါသည်။ ၎င်းမှဆက်၍ "လူချင်းအတူတူပါပဲ၊ အားလုံးက ဘုရားဖန်ဆင်းထားတဲ့သားသမီးတွေပါ ခွဲခြားဆက်ဆံဖို့မလိုပါဘူး၊ ရောဂါခံစားရသူများဟာလည်း ဘုရားအပြစ်ပေးထားလို့မဟုတ်ပါဘူး၊ ARTဆေးကိုပုံမှန်သောက်မယ်၊ အာဟာရမျှတစွာစားမယ်၊ စိတ်ဓါတ်ခိုင်ခိုင် မာမာထားမယ်ဆိုရင်လူ့သက်တန်းစေ့နေနိုင်မှာပါ၊ ပုပ်ဖရန့်စစ်အရှင်သူတော်မြတ်ကိုယ်တိုင်က မိမိကိုယ်ကိုယ် "အပြစ်ရှိသူတစ်ယောက်ပါ"လို့ ပြောခဲ့သလိုဘဲ "ဘယ်သူမှပြီးပြည့်စုံတဲ့ သူရယ် မရှိပါဘူး လူတိုင်းကိုအကောင်းမြင် နေထိုင်ပေးကြဖို့ တိုက်တွန်းချင်ပါတယ် "ဟုပြောပြခဲ့ပါသည်။ **(ဟောမာ M-Chan)**

## The Healing Mission **သာသနာပြု အခမဲ့ကုသခြင်းတမန်တော်လုပ်ငန်း**

သာသနာပြု အခမဲ့ကုသခြင်း တမန်တော်လုပ်ငန်းအဖွဲ့သည် မြစ်ကြီးနားမြို့ အောင်းနန်းရပ်ကွက်ရှိ မလိဂင်ဒိုင် အဆင့်မြင့်ဆေးခန်းတွင် ၂၀၁၆ခုနှစ် မတ်လ(၁၄-၃၁)ရက်အထိ ဆေးကုသပေးသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။ ရောဂါဝေဒနာရှင်များ ဆေးကုသလိုပါက ဖုန်း ၀၉ ၄၃၀ ၅၃၄ ၄၉၂ သို့ဆက်သွယ်နိုင်ကြောင်းကိုလည်း သိရှိရပါသည်။



၎င်းအဖွဲ့သည် ၂၀၁၃ခုနှစ်၌ ဩစတေးလျနိုင်ငံ ပါတ်သ်မြို့တွင် သာသနာပြုနေသော မြစ်ကြီးနားသာသနာမှ ဘုန်းတော်ကြီး ဂျိုးဇက်ကွမ်ထွဲ၏ ဖိတ်ခေါ်တောင်းဆိုမှုကိုခံခဲ့ရပါသည်။ မြစ်ကြီးနားဆရာတော် ဖရန်စစ်ဒေါ်တန် ၏ ခွင့်ပြုချက်ဖြင့် မြစ်ကြီးနားမြို့ အောင်နန်းတွင် ဘုန်းတော်ကြီး Alan Lee (Missionary society of Our Lady of the Blessed Sacrament) က ဦးစွာ ကုသခြင်းတမန်တော်လုပ်ငန်းကို စတင်ခဲ့ ပါသည်။

ထိုကုသနေစဉ် ဆရာတော်ကြီးက နှစ်စဉ်လာရောက် ကုသပေးရန် တောင်းဆိုခဲ့ပါသည်။ ယခုနှစ်(၂၀၁၆) ခုနှစ်တွင် သုံးကြိမ်ကုသခြင်းလည်းဖြစ်သည်။ ထိုကုသခြင်းတွင် အဓိကအသုံးပြုသောအရာများမှာ (၁)ယုံကြည်လေး နက်စွာဆုတောင်းခြင်း၊ ကိုယ်တော်မြတ်ဖူးမြော်ခြင်း၊ (၂) အပြည့်ပြည့်ဆိုင်ရာရှေးထုံးအစဉ်အလာကုထုံးနှင့် (၃) တရုတ်၊ ကိုရီးယား၊ ဂျပန်ဓါတ်အပ်စိုက်နည်းများဖြင့် ဝေဒနာရှင်များ၊ အထူးသဖြင့် ရဟန်း၊ သီလရှင်၊ ဆင်းရဲသားများနှင့် မိဘမဲ့ကလေးများ တို့အား အခမဲ့ဦးစားပေး ကုသပေးသည်ဟု သိရှိရပါသည်။ သွားရောက်ကုသပေးနေသော နိုင်ငံများမှာ အမေရိကန်၊ ဩစတေးလျ (ပါတ်သ်)၊ စင်္ကာပူ၊ ထိုင်း၊ မလေးရှား၊ ထိုင်ဝမ်၊ ဖိလစ်ပိုင် နှင့် မြန်မာနိုင်ငံတို့ဖြစ်ကြောင်း ကိုလည်းသိရှိရပါသည်။

ထိုသို့ကုသရာတွင်လည်း စေတနာဖြင့် လှူဒါန်းသော အလှူရှင်များ၏ အလှူငွေများကို လိုအပ်နေသော နေရာများသို့ တစ်ဆင့်ပြန်လည်လှူဒါန်းမှုများပြုလုပ်ပေးပါသည်။မိမိတို့ခံစားရသည့် ဝေဒနာများ ကို Fr.Jeffrey Alan Lee (Missionary Society of Our Lady of the Blessed Sacrament) 948. Aklan St. Davao Mission. Philippines ထံသို့စာရေးသားပေးပို့နိုင်ပြီး အခြားသော သာသနာနယ်များမှ ရဟန်း၊ သီလရှင်များ၊ ဝေဒနာရှင်များက ကုသပေးရန် ဖိတ်ခေါ်တောင်းဆိုလာပါက အချိန်မရွေး ကြိုးစားကုသပေးသည်ဟုလည်းသိရှိရပါသည်။

## HIV/AIDS ဝေဒနာရှင်များအား ပံ့ပိုးကူညီခြင်း

Guarding Star HIV/AIDS Self Help အဖွဲ့နှင့် HIV/AIDS ဝေဒနာရှင်အဖွဲ့အစည်း၏အသင်းဝင်များသည် ၂၈.၂.၂၀၁၆ တနင်္ဂနွေနေ့တွင် စိန်အက်ဒွက်သာသနာ မင်္ဂလာဒုံမြို့နယ်တွင် တွေ့ဆုံခဲ့ကြပါသည်။ တွေ့ဆုံပွဲ၌ဝေဒနာရှင်များ၏ ကျန်းမာရေးအခြေအနေကို ဆွေးနွေးတိုင်ပင်ခြင်း၊ အားဆေးများထုတ်ဝေပေးခြင်းနှင့် လမ်းစရိတ်များထောက်ပံ့ပေးခြင်းများ လုပ်ဆောင်ခဲ့ကြပါသည်။ Guarding Starအဖွဲ့၏ဆောင်ပုဒ်မှာ "လူသားထဲမှ လူသားကို စာနာမှုနဲ့လက်တွဲကူ အမှောင်လမ်းကိုအလင်းပြ အစဉ်ထွန်းလင်း Guarding Star "ဟူ၍ဖြစ်ပါသည်။

၎င်းအဖွဲ့ကို ရန်ကုန်ဂိုဏ်းချုပ်သာသနာအတွင်းရှိ စိန်အက်ဒွက်သာသနာတွင် (၂၀၁၁) ခုနှစ်မှစ၍ ယခင်ကျောင်းထိုင်ဘုန်းတော်ကြီး ဗစ်တာဉာဏ်မြင့် မှ သခင်ခရစ်တော်၏ အဖိုးထိုက်တန်ဆုံးသောအသွေးတော်ဂိုဏ်းနှင့် စေတနာ့ဝန်ထမ်းသုံးဦးတို့၏ အကူအညီဖြင့် HIV/AIDS ဝေဒနာရှင်များအတွက် ဖေးမကူညီသော Guarding Star HIV/AIDS Self-help အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းအဖွဲ့အစည်းသည် ကာဒီနယ်ချားလ်စ်ဘို၏ ဖေးမကူညီမှုနှင့်အတူ အခြားသောစေတနာရှင်များအချို့မှ ကူညီထောက်ပံ့မှုကြောင့် ယနေ့ထိတိုင် ရောက်ရှိလာသော ဝေဒနာရှင်များအား ပြုစုစောင့်ရှောက်လျက်ရှိပါသည်။ အဖွဲ့အစည်းတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ - ဝေဒနာရှင်များ၏ ဝိညာဉ်ရေးနှင့် စိတ်ဓါတ်ရေး ဆိုင်ရာ မြှင့်တင်ပေးရန်၊ ခွဲခြား၊ နှိမ့်ချမှုမရှိသောဘာသာရေးအသိုင်းအဝိုင်းတစ်ခုတည်ဆောက်ရန်၊ ဘုရားသခင်၏မေတ္တာတော်သည် လူသားအားလုံး အတွက် ဖြစ်ကြောင်းမျှဝေခံစားပေးနိုင်ရန်နှင့် အမှောင်ထဲမှဘဝတူများအား လက်တွဲကူညီကာအလင်းဆီသို့ ပြန်လည်ပို့ဆောင် လမ်းညွှန်ပေးရန် စသည်တို့ဖြစ်သည်။

အသင်းဝင်ဝေဒနာရှင်များအား တစ်လလျှင်တစ်ကြိမ် တွေ့ဆုံနီးနှောဖလှယ်ပွဲပြုလုပ်ပေးကာ ဝေဒနာရှင်များလိုအပ်သောခရီးစရိတ်နှင့် အားဆေးများကို ထုတ်ဝေပေးလျှက်ရှိပါသည်။ ဆေးရုံနှင့်နေအိမ်များတွင်ရှိနေကြသော ဝေဒနာရှင်များထံသို့ သွားရောက်ကြည့်ရှု အားပေးခြင်း၊ နယ်ဝေးမှ လာသောဝေဒနာရှင်အသစ်များကို တည်းခိုစရာနေရာပေးခြင်း၊ ဆေးရုံ/ဆေးခန်းများသို့ ပို့ဆောင်ကူညီပေးခြင်း၊ စားစရိတ်ပေးခြင်း နှင့် ဆေးဝါးခများဖေးမပေးခြင်းများကို ပြုလုပ်ဆောင်ရွက်ပေးပါသည်။ ယခုအခါတွင်Guarding Starအဖွဲ့အစည်းကိုလက်ရှိကျောင်းထိုင် ဘုန်းတော်ကြီး Fr.ဘလာစီဦး အောင်မျိုးထွန်းနှင့် သခင်ခရစ်တော်၏ အဖိုးထိုက်တန်ဆုံး အသွေးတော်ဂိုဏ်းမှ သီလရှင်များ၊ စေတနာ့ဝန်ထမ်းတစ်ချို့မှ ဆက်လက် ဦးဆောင် တာဝန်ယူလျှက်ရှိပါသည်။ (Guarding Star HIV/AIDS Self Help)

## နိုင်ငံတကာအဆင့်မီ ကင်ဆာရောဂါကုသဆောင်သစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ပြီးစီးမည်

နိုင်ငံတကာအဆင့်မီ ကင်ဆာရောဂါကုထုံးနည်းလမ်းတွေနှင့်ကုသနိုင်မည့် ကင်ဆာဆောင်အသစ်၏ အပြီးသတ် (၄၀) ရာခိုင်နှုန်းသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ရာခိုင်နှုန်းပြီးစီးမည်ဖြစ်သည်ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှသိရပါသည်။ ရန်ကုန်ပြည်သူ့ ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကို က ဆောက်လုပ်နေသော ကင်ဆာဆောင်အသစ်နှင့်ပတ်သက်ပြီး "ကင်ဆာရောဂါကုသဆောင်မှာ ဂျာမနီနိုင်ငံကထုတ်လုပ်တဲ့ ကင်ဆာရောဂါရှာ ဖွေရေးနဲ့ ကုသရေးဆိုင်ရာစက်ပစ္စည်းတွေကို တပ်ဆင်အသုံးပြုပြီး ကုသပေးသွားမယ်လို့ သိရပါတယ်။ ဒါ့အပြင် အဲဒီကုသဆောင်မှာ ကင်ဆာရောဂါ အထူးကုဆရာဝန်နဲ့ ဝန်ထမ်းတွေ လုံလောက်ဖို့အတွက် ကျွမ်းကျင်ပညာရှင်တွေ ထပ်ခန့်သွားမယ်လို့လည်း သိရပါတယ်။ အဲ့ဒီအဆောက်အဦးကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ တစ်ရက်နေ့မှာ စတင်ဆောက်လုပ်ခဲ့ပြီး အဆောက်အဦးရဲ့ကုန်ကျစရိတ်တန်ဖိုးစုစုပေါင်းမှာ ကျပ်သန်းထောင့်ရှစ်ရာကျော် ရှိတယ် လို့သိရပါတယ်။" ဟုပြောပြခဲ့ပါသည်။

(မြစ်မခ)

## စာကြည့်တိုက်ပေါင်း (၄၀၀၀)ကျော် တည်ဆောက်နိုင်ရန် ဘတ်ဂျက်တိုးမြှင့်ပေးရေး တောင်းဆိုသွားမည်

မြန်မာနိုင်ငံတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရသစ်လက်ထက်တွင် စာကြည့်တိုက်ပေါင်း(၄၀၀၀)ကျော် တည်ဆောက် နိုင်ရန် ဘတ်ဂျက်တိုးမြင့်ပေးရေးတောင်းဆိုသွားမည်ဟု မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ သိရပါသည်။ ထို့အပြင် တိုင်းနှင့်ပြည်နယ်က စာကြည့် တိုက်များမှာလည်း တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားအလိုက်စာအုပ်များ ထားပေးသွားမည်ဟုသိရပါသည်။ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုး တက်ရန် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းမှ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော စာကြည့်တိုက်များကို ပြန်လည်ပြုပြင်ရင်း စာကြည့်တိုက်အသစ် တည်ထောင်မှုများကိုလည်း ဆောင်ရွက်သွားမည်ဟု သိရပါသည်။ မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ်မှစ၍ ၂၀၀၇ ခုနှစ်အထိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း(၅၀၀၀၀)ကျော်ကို တည်ဆောက်နိုင်ခဲ့ပြီး ပုဂ္ဂလိကစာကြည့်တိုက်ပေါင်း (၆၀၀၀)ကျော်ရှိသည်ဟုလည်း သိရပါ သည်။(မြစ်မခ)

## ပညာရှင်(၇၀)ကျော်မှ နှစ်နှစ်ကြာ စုပေါင်းပြုစုထားသည့် ဆေးပညာကုထုံးလက်စွဲစာအုပ် ပထမဦးဆုံး ထုတ်ဝေ

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့နှင့် ဆေးပညာအဖွဲ့ (မြန်မာနိုင်ငံဆရာဝန်အသင်း)တို့ ပူးပေါင်းပြီးဆေးပညာကုထုံး လက်စွဲစာအုပ်ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးထုတ်ဝေဖြန့်ချီလိုက်ပြီဟု သိရပါသည်။ သက်ဆိုင်ရာရောဂါအမျိုးအစားများအလိုက် အခန်းများကိုခွဲထားပြီး ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် စတင်ဖြန့်ချီခဲ့သည်ဟုသိရပါသည်။ ၎င်းစာအုပ်ကို ဆေးတက္ကသိုလ်ငါးခုမှ ပါမောက္ခကြီးများ၊ အထူးကုဆရာဝန်ကြီးများ စုစုပေါင်း အယောက်(၇၀)ကျော်က အချိန်နှစ်ကြာအောင်ညှိနှိုင်းစုပေါင်းပြီးရေးသားပြုစုထားသည်။ ၎င်းဆေးကုထုံးစာအုပ်ကို နီးစပ်ရာဆေးတက္ကသိုလ်များမှာ ကျပ်တစ်သောင်းဖြင့်ဝယ်ယူနိုင်ပြီး အုပ်ရေတစ်သောင်းထုတ်ဝေထားသည်။ (မြစ်မခ)

# သတင်းရေးသားနည်းနှင့် RVA ရေဒီယိုထုတ်လုပ်ခြင်းသင်တန်း

ကက်သလစ်လူထုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံးမှ ရေဒီယိုထုတ်လုပ်ခြင်းသင်တန်းကို မတ်လ (၂-၄) ရက်ထိ ကက်သလစ်ဆရာတော်ကြီးများကျောင်းတိုက်၊ ၂၉၂ (က) ၊ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ CBCM တွင် ပြုလုပ်ခဲ့ပါသည်။ ၎င်းသင်တန်းကို ဆရာမဒေါ်ချယ်ရီ(Radio Australia)မှအစီအစဉ်တင်ဆက်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ အစီအစဉ်ထုတ်လုပ်ခြင်းစသည့် ပညာရပ်များကို သင်ကြားပို့ချ ပေးခဲ့သည်။

သင်တန်းပေးရခြင်း၏ရွယ်ချက်မှာ ရေဒီယိုထုတ်လုပ်ခြင်းနှင့်ဆိုင်သော ပညာများပိုမိုသိရှိလာစေရန်၊ အရည်အသွေးမြင့်မားလာစေရန်၊ RVA လေလှိုင်းမှတဆင့် ဧဝံဂေလိလုပ်ငန်းများကိုပိုမိုလုပ်ဆောင်လာနိုင်စေရန်၊ သောတရှင်များထံသို့ အချိန်နှင့်တပြေးညီ အခန်းကဏ္ဍမျိုးစုံတို့ကို တင်ဆက်ပေးနိုင်စေရန်တို့ဖြစ်သည်။

သင်တန်းပထမနေ့၌သတင်းရေးသားနည်း နှင့် အင်တာဗျူးဖြေဆိုခြင်းအကြောင်းသင်ကြားပေးပြီး၊ ဒုတိယနေ့တွင် ပရိုဂရမ်ရေးဆွဲခြင်း၊ စတူဒီယိုခန်း၌အဖွဲ့လိုက် အသံသွင်းခြင်းများကိုလက်တွေ့ လုပ်ဆောင်စေခဲ့သည်။ တတိယနေ့တွင် မိနစ်(၃၀)စာ ရေဒီယို (လေလှိုင်း) စမ်းသပ်အသံထုတ်လွှင့်ခြင်းများကို အဖွဲ့လိုက် တင်ဆက်စေပြီးအမှတ်ပေးစနစ်ဖြင့် အကောင်းဆုံး တင်ဆက်ပေးနိုင်သော အဖွဲ့အားဆုချီးမြှင့်ပေးခဲ့သည်။ သင်တန်းကာလတွင် ဆရာမသည် သင်တန်းသူ/ သားများကို "Think outside the square" ဟူသော စကားလုံးကိုမကြာခဏပြောလေ့ရှိသည်။ ဆိုလိုသည်မှာ စတုဂံ၏အပြင်ဘက်ရှိအရာများကို ထည့်သွင်းစဉ်းစားပေးတတ်ရန်ဖြစ်သည်။ ဘာသာရပ်များကို လက်တွေ့ကျကျ၊ စိတ်ဝင်စားဖွယ်ကောင်းအောင် သင်ကြားပို့ချပေးသောကြောင့်သင်တန်းသူ/သား များက ၎င်းသင်တန်းသို့ တက်ရောက်ခဲ့ ကြသည်။

ရေဒီယိုထုတ်လုပ်ခြင်းသင်တန်းသို့ ဘုန်းတော်ကြီး(၆)ပါး၊ စစ္စတာရ်(၁၂)ပါး နှင့် သင်တန်းသူ/သား(၁၃)ယောက်ဖြင့် စုစုပေါင်း (၃၁) ယောက် တက်ရောက်ခဲ့ပါသည်။ (CBCM- osc)

# ကက်သလစ် STUDIO TRINITA

CBCM-OSC လမ်းညွှန်ခြင်းအောက်တွင်Catholic Creative Artists' Association (CCAA)- Myanmar တို့မှဦးစီး၍ ဖွင့်လှစ်သော တစ်ခုတည်းသော အဆင့်မီ Studio Trinita ပါ ဖြစ်ပါသည်။ TRINITA သုံးပါးဘုရားတစ်ဆူ၏ နာမတော်ကိုယူထားခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသခင်၏ ဖန်ဆင်းခြင်း သို့မဟုတ် ဆက်သွယ်ခြင်း၏ ရည်ရွယ်ချက်မှာ အရာခပ်သိမ်းကို အကောင်းအဖြစ်ဖန်ဆင်းတော်မူသကဲ့သို့ ထိုကောင်းမြတ်ခြင်းကို ဆက်လက်ထိန်းသိမ်းရန်ဖြစ်သည်။ ပျက်သုဉ်းသွားသော ဘုရားနှင့်လူသား ဆက်သွယ်ခြင်း၊ လူသားအချင်းချင်းဆက်သွယ်ခြင်းကို ပြန်လည်ဆက်သွယ်ရန်နှင့် ဘုရားသခင်၏ ကောင်းမြတ်သောစီမံချက်ကို ဆက်လက်ထိန်းသိမ်း ကြေငြာဝေမျှရန် "သင်တို့သည် ကမ္ဘာအရပ်ရပ်သို့ သွားကြ၍ ဧဝံဂေလိတရားတော်ကို ဟောပြောကြလော့" ဟု မိုးကောင်းကင်သို့ ပြန်လည်မတက်ကြွမီ မိန့်မှာခဲ့သော ခရစ်တော်၏ မိန့်ကြားချက်သည် ဆက်သွယ်ခြင်း၏ တစ်ခုတည်းသော ရည်ရွယ်ချက်ပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာပြည်ကက်သလစ်သာသနာ၏ တစ်ခုတည်းသော STUDIO ကို TRINITA ဟု သုံးပါးဘုရားတစ်ဆူကိုပူဇော်အပ်နှံလျှက် ဆက်ကပ်ခြင်းဖြစ်ပါသည်။ "Studio Trinita" ၏ ရည်မှန်းချက်မှာ **"Witnessing and sharing the Peace of Christ"** (ခရစ်တော်၏ငြိမ်းချမ်းခြင်းကို ဝေမျှ သက်သေခံရန်) ဖြစ်ပါသည်။



ကက်သလစ် Studio တွင်အသုံးပြုမည့် (Equipments) စက်ကိရိယာများကို အားလုံး နောက်ဆုံးပေါ် စက်ကိရိယာများကိုသာ အသုံးပြုပါသည်။ Studio အခန်းမှအစ စနစ်တကျ တည်ဆောက်ထားပါသည်။ Studioသည် ရန်ကုန်မြို့တွင်ရှိသော အကောင်းဆုံး Studio များထဲမှ တစ်ခု ဖြစ်လာပါသည်။ ပြန်လည်အသက်ဝင်ပြီဖြစ်သော မြန်မာပြည်ကက်သလစ်သာသနာ၏ တစ်ခုတည်းသော Studio သည်ကက်သလစ်သာသနာ တစ်ခုလုံး၏ Studio ဖြစ်ပါသောကြောင့် တိုးတက်အောင်မြင်နိုင်ရန် မိမိတို့တတ်နိုင်သည့် ကဏ္ဍမှ အကြံကောင်းများပေးခြင်း၊ အဖက်ဖက်မှဖေးမကူညီပေးခြင်းနှင့်ဆုတောင်းပေးခြင်းတို့ဖြင့်ပါဝင်ကူညီ ကြပါရန် သတင်းကောင်းပါးအပ်ပါ သည်။ Studio အတွက် သီးသန့်ဖုန်းလိုင်း တပ်ဆင်နေဆဲ ဖြစ်ပါသောကြောင့် ယခုလတ်တလောဆက်သွယ်လိုပါက လူမှုဆက်သွယ်ရေးရုံး၏ လက်ရှိ ရုံးဖုန်းနံပါတ် (၀၁ ၅၂၅၈၀၈) နှင့် အနဂ္ဂ (Anegga) ၀၉၅ ၀၄၈ ၆၃၃ သို့ နံနက်(၈)နာရီမှ ည(၁၀)နာရီအထိ တနင်္လာနေ့မှ စနေနေ့အထိ ပုံမှန် ဆက်သွယ်နိုင်ပါသည်။ ကျေးဇူးတင်လျက် ဘုရားရှင်၏ ကောင်းကြီးတော်သည် သင်တို့အပေါ် အစဉ် သက်ရောက်ပါစေ။ (CBCM-OSC)

Catholic Bishops' Conference of Myanmar (CBCM)
**Office of Social Communications**
292(A) Pyay Road, Sanchaung P.O
Yangon 11111, Myanmar
Ph:(+95)1 525808
cbcmosc@gmail.com www.catholicmyanmar.org

Ref. No: 015/16 Date: 7th March 2016.

# သီချင်းဆိုပြိုင်ပွဲဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူထုဆက်သွယ်ရေးကော်မရှင် နှင့် လူငယ်ကော်မရှင်တို့၏ ဦးစီးဦးဆောင်မှုဖြင့် "TRINTÀ STAR" သီချင်းဆိုပြိုင်ပွဲတစ်ခု ပြုလုပ်မည်ဖြစ်ပါသည်။

သီချင်းဆိုပြိုင်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များမှာ ၂၀၁၆ ခုနှစ် မေလ (၈)ရက်နေ့တွင်ကျရောက်သော (၅၀)ကြိမ်မြောက် ကမ္ဘာ့လူထုဆက်သွယ်ရေးနေ့ကိုဂုဏ်ပြုခြင်း နှင့် အနုပညာရှင်များသည်"လှပခြင်းကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သူများ၊ လူသားထုအတွက် မျှော်လင့်ချက်၏ သက်သေခံသူများ၊ ကြေညာဟောပြောသူများ" ဖြစ်ကြောင်းကို နလုံးမူကာ ဘုရားသခင်၏ဘုန်းဂုဏ်တော်နှင့် အများကောင်းကျိုး သယ်ပိုးဆောင်ရွက်နိုင်စွမ်းရှိသည့် ကက်သလစ်အနုပညာရှင်များစွာ ထွက်ပေါ် လာစေရန် ရည်ရွယ်ပါသည်။

သို့ဖြစ်၍ ပြိုင်ပွဲဝင်လိုသူများသည် မိမိတို့၏သာသနာအသီးသီးတွင်ရှိသော လူထုဆက်သွယ်ရေးတာဝန်ခံဘုန်းတော်ကြီးများထံသို့နာမည်စာရင်းပေးသွင်းနိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။

သီချင်းဆိုပြိုင်ပွဲကို

**၁။ ဂိုဏ်းအုပ်သာသနာအဆင့်**
**၂။ ဂိုဏ်းချုပ်သာသနာအဆင့် နှင့်**
**၃။ တစ်နိုင်ငံလုံးဆိုင်ရာဗဟို အဆင့်**ဟူ၍ ယှဉ်ပြိုင်ကြရပါမည်။

**၁။ ဂိုဏ်းအုပ်သာသနာအဆင့် (ပထမအဆင့်)**

ဂိုဏ်းအုပ်သာသနာအဆင့်တွင် သက်ဆိုင်ရာသာသနာနယ် (Parish)အသီးသီးများမှ ရွေးချယ်ခံထားရသော သီချင်းဂါသနာရှင်များ ယှဉ်ပြိုင်ကြရမည်ဖြစ်ကာ ဂိုဏ်းအုပ်သာသနာ တစ်ခုလျှင် အကောင်းဆုံး(၅)ဦးကို စိစစ်ရွေးချယ်လျက် ဂိုဏ်းချုပ်သာသနာအဆင့်သို့ ဆက်လက် ယှဉ်ပြိုင်စေရပါမည်။

**၂။ ဂိုဏ်းချုပ်သာသနာအဆင့် (ဒုတိယအဆင့်)**

ဂိုဏ်းချုပ်သာသနာအဆင့်တွင် ဂိုဏ်းအုပ်သာသနာအသီးသီးမှ စိစစ်ရွေးချယ်ခံထားရသောပြိုင်ပွဲဝင်များက ဆက်လက် ယှဉ်ပြိုင်ကြရမည်ဖြစ်ကာ နောက်ဆုံးဆန်ကာတင် တေးသံရှင် ဆယ်(၁၀)ဦးကို ဂိုဏ်းချုပ် သာသနာနယ် ကိုယ်စားပြုအဖြစ် ရွေးချယ်မည်ဖြစ်သည်။ အဆိုပါ ဂိုဏ်းချုပ် သာသနာအဆင့် သီချင်းဆို ပြိုင်ပွဲကို CBCM-Osc(CCAA)မှ ကက်သလစ်အနုပညာရှင်များကိုယ်တိုင် စိစစ်ပေးမည်ဖြစ်ကာ ထိုပြိုင်ပွဲကို ရန်ကုန်မြို့၊ မန္တလေးမြို့ နှင့် တောင်ကြီးမြို့တို့တွင် (၂၀၁၆) ခုနှစ်(ဇွန်)လ၏ နောက်ဆုံးအပတ် မတိုင်မီ ဂိုဏ်းချုပ်သာသနာ အလိုက် အသီးသီးကျင်းပမည် ဖြစ်ပါသည်။

**၃။ တစ်နိုင်ငံလုံးဆိုင်ရာ ဗဟိုအဆင့်**

ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည့် တစ်နိုင်ငံလုံးဆိုင်ရာ ဗဟိုအဆင့်တွင် နှစ်ကျော့ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ပထမအကျော့တွင် ဂိုဏ်းချုပ်သာသနာအသီးသီးကိုယ်စားပြု ရွေးချယ်စေလွှတ်ခံထားရသော ဂါသနာရှင် အယောက်(၃၀) ထဲမှ (၁၀)ဦးကို နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ရန် ထပ်မံ စိစစ်ရွေးချယ်မည်ဖြစ်သည်။ **......**အဆက် စာမျက်နှာ (၁၄)သို့





## စာမျက်နှာ (၁၃) သီချင်းဆိုပြိုင်ပွဲမှအဆက်

ဒုတိယအကျော့သည် တစ်နိုင်ငံလုံးဆိုင်ရာဗဟိုအဆင့်၏နောက်ဆုံးပြိုင်ပွဲဖြစ်ပြီးဗဟိုအဆင့်ပထမအကျော့မှ ရွေးချယ်ထားသော ဆန်ကာတင် (၁၀)ဦးတို့က အကြိတ်အနယ် ယှဉ်ပြိုင်ကြရမည်ဖြစ်ကာ ယင်း(၁၀)ဦး ထဲမှ ပထမ၊ ဒုတိယ၊ တတိယ နှင့် နှစ်သိမ့်ဆုနှစ်ဦး အားလုံးပေါင်း(၅)ဦး ရွေးချယ်မည် ဖြစ်ပါသည်။ နောက်ဆုံး ဗဟိုအဆင့် သီချင်းဆိုပြိုင်ပွဲကို (၂၀၁၆)ခုနှစ်၊ (ဇူလိုင်)လ၏ နောက်ဆုံးအပတ်တွင် ရန်ကုန်မြို့၌ ပြုလုပ်မည်ဖြစ်ရာ ပြိုင်ပွဲအတွင်း တည်းခိုရန်အခက်အခဲရှိသောသူများအတွက် နေထိုင်ရေးနှင့် စားစရိတ်များ ကို ဗဟိုရုံးမှ တာဝန်ယူပေးပါမည်။

### သီချင်းဆိုပြိုင်ပွဲအတွက်စည်းကမ်းချက်များ

၁။ ပြိုင်ပွဲဝင်များသည် အသက်(၁၅)နှစ်မှ(၃၀)နှစ်ရှိ ကက်သလစ်ဘာသာဝင်ဖြစ်ရပါမည်။

၂။ ပြိုင်ပွဲဝင်မည့်သူများသည် သက်ဆိုင်ရာကျောင်းထိုင်းဘုန်းတော်ကြီး၏ထောက်ခံချက်ပါရှိရမည်။

၃။ ဂိုဏ်းအုပ်သာသနာနှင့် ဂိုဏ်းချုပ်သာသနာအဆင့်ဆင့် သီချင်းဆိုပြိုင်ပွဲအတွက် သီချင်းများကို မိမိတို့ကြိုက် နှစ်သက်သော ကက်သလစ်ဓမ္မတေးများမှကာရာအိုကေဖြစ်စေ၊ တီးခတ်၍ဖြစ်စေ ရွေးချယ် ယှဉ်ပြိုင်ရမည်။

၄။ နောက်ဆုံးအဆင့် (ရန်ကုန်) ပြိုင်ပွဲများကို ယှဉ်ပြိုင်သောအခါ တေးသီချင်းများကို CBCM-Osc (CCAA) မှ ပေးထားသော တေးသီချင်းများကိုသာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး CBCM-Osc (CCAA) မှ တီးခတ်ပေးမည်။

၅။ ပြိုင်ပွဲတိုင်း အတွက် ရမှတ်များကို အောက်ပါ အရည်အချင်းများဖြင့် သတ်မှတ်ရန် ဖြစ်သည်။

၁။ Pitch
၂။ Timing
၃။ Tone colour
၄။ Expression
၅။ Performance
၆။ Diction

၆။ ဆုပေးအပ်ခြင်း

ပထမဆု = ကျပ်(၁၀)သိန်း
ဒုတိယဆု = ကျပ်(၇)သိန်း
တတိယဆု = ကျပ်(၅)သိန်း
နှစ်သိမ့်ဆု = ကျပ်(၂)သိန်း

၇။ ရွေးချယ်ခံရသော ဆုရတေးသံရှင်ငါးဦးတို့၏တေးသီချင်းများကို ဓမ္မတေး Album တစ်ခု အဖြစ် ဆက်လက် ထုတ်လုပ်ပေးမည်ဖြစ်သည်။

**ဘုရားရှင်၏ကြင်နာသနားခြင်းမေတ္တာတော်၌**

Bishop Peter Louis
(Chairman, CBCM-OSC)

Fr.Leo Mang (sdb)
(National Director,
CBCM-OSC)

Fr. Joseph Saw Eh Khaw Htoo
National Youth Director
(NCYC)

မိတ္တူ။ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်ဆရာတော်ကြီးများ




စာ(၁၃)
Radio Production Training



အာရှဂိုဏ်းပေါင်းစုံသူတော်စင်များကို.. စာ(၁၀)



စိန့်ပေါလ်တရားဟောဆရာဖြစ်သင်... စာ(၈)



ကက်သလစ် Studio Trinità.. စာ(၁၃)



ကာဒီနယ် ဘာအံသာသနာသို့ကြွလာ ... စာ(၅)



မိုးဗြဲစေတမန်ဗဟိုကျောင်းဆင်းပွဲ.. စာ(၆)



မျိုးဆက်သစ်လူငယ်တို့၏ခြေလှမ်းများ...စာ(၉)



ခွဲခြားနှိမ့်ချဆက်
...စာ(၁၁)



စာပေဟောပြောပွဲ...စာ(၇)




လူကုန်ကူးခံရသူများအား ပံ့ပိုးမှုပေးနိုင်သော.. စာ(၁၀)



ပြည်သာသနာ လူငယ်များအတွက်...စာ(၉)

ကမ္ဘာအရပ်ရပ်သို့ သွားကြ၍ဧဝံဂေလိတရားတော်ကို ဟောပြောကြလော့။
(မာကု ၁၆း၁၅)